မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ထံ

စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　မတ်　　၁၅

ဂျပန်နိုင်ငံ ဆန်းဒိုင်မြို့ တိုဟိုခုဒေသနှင့် ဂျပန်အရှေ့မြောက်ပိုင်းတို့၌ ငလျင်နှင့် ဆူနာမီလှိုင်းတို့ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာအိုတိုခန်ထံသို့ ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ပြေကြားခြင်း၊ အဆိုများကိုဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်　　မတ်　　၁၅

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃) ဦး ရှိသည့်အနက် (၄၃၂) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၇၇ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြ မေးခွန်းများဖြစ်သော မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ ''ရခိုင်ပြည်နယ်တွင် စက်မှုလုပ်ငန်းသင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရေး''နှင့်စပ်လျဉ်းသည့် မေးခွန်း၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ ''တိုင်းရင်းသား စာပေတစ်ခုကို ပူးတွဲသင်ကြားစေသည့် ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေး''နှင့်စပ်လျဉ်းသည့် မေးခွန်း၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ ''မြောက်ဦးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရေး''နှင့် စပ်လျဉ်းသည့် မေးခွန်း၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ ''အခြေခံပညာကျောင်း အဆောက်အအုံများအား ထိန်းသိမ်းပေးနိုင်ရေး''နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ''ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်းမြို့နယ်များအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (သို့မဟုတ်) ကောလိပ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရေး''နှင့်စပ်လျဉ်းသည့်မေးခွန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များဖြစ်ကြသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပြန်လည်ဖြေကြားကြသည်။

နှစ်ရပ်စလုံးပါဝင်

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ ''မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန်''အဆိုနှင့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ ''မြန်မာနိုင်ငံတွင် ၁၀၀ ရာခိုင်နှုန်း စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ပညာရေးစနစ် (Duty to Educated Children) အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း ***စာမျက်နှာ ၅ ကော်လံ ၅*** ✻

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၁၆ ရက်)

နေပြည်တော်မှ မကွေးသို့ သုံးနာရီဖြင့် ခရီးပေါက်နိုင်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမည့်လမ်းများ၊ တံတားများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ မတ်လ ၁၃ ရက်နေ့က နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ခဲ့သည်။ ယခုဖွင့်လှစ်ခဲ့သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် နေပြည်တော်မှ မကွေးသို့ မော်တော်ယာဉ်ဖြင့်သွားသည့် ခရီးလမ်းကြောင်း သုံးခုရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းလမ်းသစ်ကြီးကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှစပြီး ၂၀၀၉-၂၀၁၀ခုနှစ်အထိ လမ်းအူကြောင်း မြေသားလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ကတ္တရာလမ်းသစ်အဖြစ် တိုးမြှင့်နိုင်ရေးကို ၃-၅-၂၀၁၀ မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခင်က နေပြည်တော်မှ မကွေးသို့သွားရာတွင် နေပြည်တော်-ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်းသည် ၁၇၂ မိုင် ၂ ဖာလုံ၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီး-မကွေးလမ်းသည် ၁၁၇ မိုင် ၂ ဖာလုံတို့ကို အသုံးပြုပြီးသွားလာခဲ့ရသည်။

ယခုဖွင့်လှစ်ခဲ့သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် ၁၀၆ မိုင် ၂ ဖာလုံသာရှိ၍ ခရီးမိုင်အနည်းဆုံးဖြစ်ပြီး နေပြည်တော်မှ မကွေးအထိ ယာဉ်မောင်းချိန် သုံးနာရီဖြင့် သွားနိုင်ပြီဖြစ်သည်။ ယင်းလမ်းသစ်သည် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်တို့ကို ဖြတ်သန်းဖောက်ထားခြင်းဖြစ်သည်။ မြေသားတာပေါင်အကျယ်ပေ ၄၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေနှင့် လမ်းခံနိုင်ဝန် တန် ၄၀ ရှိသောလမ်းဖြစ်သည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းရှိသည့်အနက် ဆဋ္ဌမမြောက် ရိုးမဖြတ်ကျော်လမ်း တစ်လမ်းလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ဖော်ဆောင်ရာတွင် ပဓာနအကျဆုံးဖြစ်သော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ထိန်းသိမ်းကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးတို့ ပူးပေါင်း၍ မြန်မာနိုင်ငံသို့ လာရောက်မည့် ရုရှားနိုင်ငံမှ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကုန်သည်/စက်မှု အသင်းချုပ်၌ ကျင်းပရန် စီစဉ်လျက်ရှိရာ အဆိုပါတွေ့ဆုံပွဲတွင် ရုရှားကိုယ်စားလှယ်အဖွဲ့ဝင်များသည် အကြီးစားဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်း၊ သုတေသနလုပ်ငန်းနှင့် ဗိသုကာနှင့် စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းများ၊ ဘူမိဗေဒလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ လယ်ယာသုံးထွန်စက်စက်ရုံလုပ်ငန်းအစရှိသည့်လုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ဝင်စားသည့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် ကုန်သည်/စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာနသို့ လူကိုယ်တိုင်သော် လည်းကောင်း၊ ဖုန်း-၂၁၄၃၄၄-၄၉ အထိသို့ လည်းကောင်း ဆက်သွယ်၍ မတ် ၁၇ ရက်နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းသို့ အလှူငွေများပေးအပ်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းသည် သန်လျင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးသီတာထွန်းနှင့်အဖွဲ့ဝင်များနှင့်အတူ မတ် ၁၀ ရက် နံနက်က သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူကြိုကျောင်းတွင် ရင်သွေးငယ် ကျောင်းသားကျောင်းသူများ၏ ကာယဉာဏစွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကာ အာဟာရအစားအစာနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ သန်လျင်မြို့ မြို့မတောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းတွင် ရင်သွေးငယ်များအား အာဟာရအစားအစာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ယင်းနောက် အလှူရှင် ဦးမင်းသိဏ်းကျော် (ဒါရိုက်တာ ရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်လေးသိန်းကို လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၁၈၄)**

ပညာသင်ထောက်ပံ့ကြေး သီပေါမြို့နယ်၌ ပေးအပ်

သီပေါ မတ် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့်အသက်(၇၅)နှစ်အထက် အဖွဲ့ဝင်များအား ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ဇာတ်စုရပ်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းထိုက်ဦး(ငြိမ်း)က အမှာစကား ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်အတွက် မိသားစုဝင် ကျောင်းသား ကျောင်းသူများနှင့် အသက်(၇၅)နှစ်အထက် အဖွဲ့ဝင်များအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းထိုက်ဦး(ငြိမ်း)နှင့်တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၅

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၁၁-၂၀၁၂ခုနှစ် နှစ်နှစ်သက်တမ်း အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) တည်ရှိရာ အမှတ်(၀၀၁) (A+B) တိုက်အမှတ်(၁၄) ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ၊ အသင်းဝင်လိုသူများနှင့် ခရမ်းဇာတိဖွား မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ ခရမ်းဇာတိဖွားများထဲမှ လူပုဂ္ဂိုလ်ဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် တက္ကသိုလ်များမှ ပါရဂူဘွဲ့ရရှိသူများအနေဖြင့် အသင်းရုံး ဖုန်း ၀၁-၅၄၉၃၃၉ သို့ ဆက်သွယ်သတင်းပေးပို့ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသမီးများနှင့် နှလုံးသွေးကြောရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို မတ် ၁၂ရက်က Park Royal Hotel ၌ ကျင်းပရာ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင်လတ်က အမျိုးသမီးများ နှလုံးရောဂါ ဖြစ်နိုင်ခြေများပြားသည့်အတွက် သတိထားရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားစဉ်။ (၀၀၇)

ကျောက်ဖြူမြို့သန့်ရှင်းသာယာလှပရေးအတွက် ရေမြောင်းအတွင်း အမှိုက်များ ဆယ်ယူသန့်ရှင်းခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းနှင့် ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထက(၄) တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၅

အထက(၄)တာမွေ ကျောင်း၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ကြီး ဖုန်း-၅၄၅၆၉၉၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၇၃၀၂၈၉၆၉၊ ဒေါ်ပိုပိုမြင့်အောင် ဖုန်း-၅၄၄၂၈၇၊ ဒေါ်သူဇာပပလင်း ဖုန်း-၅၄၈၄၈၁နှင့် ဒေါ်ဇာနည်ထက် ဖုန်း-၀၉- ၅၁၈၁၂၄၆တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။

(မြန်မာ့အလင်း)

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

တင်မြှောက်

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့၏ ဩဝါဒါစရိယဆရာတော်ကြီး (၅)ပါးအား တင်မြှောက်သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယက ဆောင်ရွက်တော်မူသည်။

အထမြောက်

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၃ ရာခိုင်နှုန်း ကြွရောက်တော်မူကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသက ပြန်လည် ရှင်းလင်းလျှောက်ထားပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

လက်မှတ်များအပ်နှင်း

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များနှင့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များကို အပ်နှင်းတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာသမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ အစည်းအဝေး ဩဝါဒါစရိယ ဆရာတော်ကြီး(၁၅)ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်ဆရာတော်(၁)ပါးကျစီတို့က မော်ကွန်းတင်လက်မှတ် ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသက နိဂုံးချုပ် ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(ဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ် ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ""ဇယန္တော ဗောဓိယာမူလေ"" အစချီ(၂)ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြကာ သာခုသုံးကြိမ်ခေါ်ဆို၍ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆက်ကပ်လှူဒါန်း

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား (ဗိုလ်ချုပ်ကြီးစိုးဝင်း)- ဒေါ်သန်းသန်းနွဲ့ မိသားစု၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)- ဒေါ်ခင်နှင်းဝေ မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း (ငြိမ်း)-ဒေါ်ခင်စန်းရီ မိသားစု၊ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)- ဒေါ်ခင်လေးမြင့် မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း (ငြိမ်း)- ဒေါ်မာလာတင့် မိသားစု၊ ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)- ဒေါ်နန်းခင်လှဝင်း မိသားစုနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် (ငြိမ်း)-ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က တစ်နေ့တာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

သံဃာ့ဂိုဏ်းများ အချင်းချင်းစည်းလုံးညီညွတ်နေမှသာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တည်တံ့ခိုင်မြဲမည် ဂိုဏ်းတစ်ပါး၏အလိုကို အခြားဂိုဏ်းများက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောဆောင်ရွက်

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားတော်မူသော နိဂုံးချုပ် ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင်သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်သူမြတ်တို့ဘုရား-

အောင်မြင်ပြီးမြောက်

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို ၁၃၇၂-ခုနှစ်၊ တပေါင်းလဆန်း (၉၊ ၁၀၊ ၁၁)ရက်၊ ၂၀၁၁-ခုနှစ်၊ မတ်လ (၁၃၊ ၁၄၊ ၁၅)ရက်နေ့များတွင် ကျင်းပခဲ့ရာ ဤယနေ့ ဤအချိန်အခါမှာ ဇယမင်္ဂလာ ပြည့်စုံစွာဖြင့် အောင်မြင်ပြီးမြောက်ခဲ့ပါပြီဘုရား။

ဤအစည်းအဝေးကြီး၌ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၏ သက်ဆုံးတိုင်ထောက် ကာလရောက်အောင် မှတ်သားလိုက်နာထိုက်သည့် ဩဝါဒကထာများကို နာယူမှတ်သားရခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလပတ်လုံး လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်ထားအပ်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့က ဝိနစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာကဏ္ဍအလိုက် ဆွေးနွေးထောက်ခံအကြံပြုတော်မူကြကာ အတည်ပြုပေးတော်မူကြသောကြောင့်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် လိုအပ်ချက်များကို ကောင်းစွာဆွေးနွေး၍ အဆုံးအဖြတ်ပေးခြင်း၊ အတည်ပြုပေးခြင်းတို့ကြောင့် လည်းကောင်း နှစ်ထောင်းအားရပီတိသောမနဿဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရာ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုအနေဖြင့်ဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ပါဘုရား။ ""တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏"" ဟူသော ရှေးပညာရှိတို့၏ အဆိုအမိန့်နှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အချင်းချင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့ အဖွဲ့အစည်းအချင်းချင်း လည်းကောင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်းလည်းကောင်း ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင်သည် ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်၌-

""ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ"" ဟူ၍လည်းကောင်း။"" ""ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ"" ဟူ၍လည်းကောင်း၊ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ တစ်နှစ်တစ်ကြိမ် စည်းဝေးတော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ လေးလတစ်ကြိမ် စည်းဝေးတော်မူကြခြင်း၊ နိုင်ငံတော်သံဃမဟာနာယက တာဝန်ကျအဖွဲ့ခွဲဝင် ဆရာတော်များ တစ်ပတ်လျှင်တစ်ကြိမ် စည်းဝေးတော်မူကြခြင်းတို့သည် သာသနာတော်မဆုတ်ကြောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားကြောင်းဖြစ်သည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို ဆင်ခြင်ကာ လွန်စွာအားရနှစ်သက်ဖွယ်ကောင်းလှပါသည်ဘုရား။

ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်နယ်အရပ်ရပ်က သာသနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ ယင်းသို့ သတင်းမှန်မကြားရသည့်အတွက် မည်သည့်ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် ကုလ ဒူသက၊ အနေသန မိစ္ဆာဇီဝအမှုများ ကျူးလွန်နေကြသည် စသည်တို့ကို မကြားသိနိုင်ကြောင်း၊ ပါပဘိက္ခုများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟု သိကြ၍ အုပ်စုဖွဲ့ကာ သာသနာတော် ဆုတ်ယုတ်ပျက်စီးကြောင်းအမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်မလပ်စည်းဝေးကြ၍ မမေ့မလျော့ခြင်းကြောင့် ပါပဘိက္ခုများသည် အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိ၍ ထွက်ပြေးတိမ်းရှောင်ကြကြောင်း စသည်ဖြင့် ရဟန်းတော်များ မပြတ်မလပ်မစည်းဝေးခြင်းကြောင့် သာသနာတော် ဆုတ်ယုတ်ပုံနှင့် ရဟန်းတော်များ မပြတ်မလပ်စည်းဝေးခြင်းကြောင့် သာသနာတော် တိုးတက်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၁၂)၌ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို ပြဆိုထားရာ အပိုဒ်ခွဲ(ဆ)၌-

""သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည်ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြရန်ဖြစ်သည်""ဟု ပြဆိုထားပါသည်။

ဆောင်ရွက်ပေး

ဤရည်ရွယ်ချက်သည် အလွန်အရေးကြီးပါသည်။ သံဃာ့ဂိုဏ်းများအချင်းချင်းစည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ သူ့ဂိုဏ်း ကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစွဲ စိတ်များကို ပယ်ဖျောက်တော်မူကြကာ ဂိုဏ်းတစ်ပါး၏ အလိုကို အခြားဂိုဏ်းများက ဓမ္မဝိနယ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျောဆောင်ရွက်ပေးခြင်းဖြင့် သံဃာ့စည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြုတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အလေးပေးကာ ကြွရောက်ချီးမြှောက်တော်မူကြသော သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဆိုင်ရာ ဆိုင်ရာ သာသနာ့ကိစ္စအဝဝတို့ကို ကိုယ်ဖိ ရင်ဖိ ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ အဘက်ဘက်မှ အားပေးချီးမြှောက်ထောက်ပံ့ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဗဟိုဝန်ဆောင်အစည်းအဝေးကြီးဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးကြသည့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း အမှုထမ်းများ၊ လုံခြုံရေး၊ ပင့်ဆောင်ရေး၊ ကျန်းမာရေး၊ ကြိုဆိုနေရာချထားရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စပြုစုရေး၊ အစည်းအဝေးကြီး၌ တင်သွင်းရမည့် စာအုပ်စာတမ်းများ၊ အစီအစဉ်တင်လွှာ၊ လျှောက်ထားလွှာ စသည်ပြုစုရေး အစရှိသော ကိစ္စပေါင်းမြောက်မြားစွာတို့ကို စေတနာ၊ သဒ္ဓါထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြသော သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ ဥပဋ္ဌာကမ္မကများ၊ ဒါယကာ၊ ဒါယိကာမများ နှင့် စေတနာရှင် ပြည်သူအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ မိမိတို့ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် သန္တိသုခအမတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေဟု မေတ္တာပွားကာ ပဋ္ဌာနာပြုလျက် တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။ ။

ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၅

Wise International School for Executives (ABE Accredited College)မှ (Certificate in Financial Management) ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို မတ် ၁၈ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ရာ လုပ်ငန်းသစ် တည်ထောင်ရာတွင် ငွေကြေးဆိုင်ရာ စီမံပြင်ဆင်နေသူများ၊ ငွေကြေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူများ တက်ရောက်သင့်သည်။ သင်တန်းတက်သူများ Accounting Knowledge ရှိရန်မလိုကြောင်း သိရသည်။

သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်၍ Member များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်းလျှော့၍ ခံစားခွင့်ပေးမည်။ အဆိုပါ သင်တန်းကို မတ် ၁၈ ရက်မှစ၍ သောကြာ၊ စနေ၊ တနင်္ဂနွေ နေ့များတွင် ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများနှင့် Member တွင် အသင်းဝင်လိုသူများသည် Wise International School for Executives (ABE Accredited College) အခန်းအမှတ် ၁၀၀၉ (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ထုံးပေါက်အမှတ်(၁) တံတားကို မတ် ၅ ရက်က ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ စစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ ရခိုင်ပြည်နယ်တွင် စက်မှုလုပ်ငန်းသင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန်က ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်လာမည့် စက်မှုလုပ်ငန်းကြီးများ အတွက် လိုအပ်လာမည့် ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန် စက်မှုလုပ်ငန်း သင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ မေးမြန်းသည်။

မာန်အောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် မေးမြန်းစဉ်။ (သတင်းစဉ်)

ဝင်ရောက်လုပ်ကိုင်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာနအနေဖြင့် စက်မှုနည်းပညာဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍတွင် များစွာလိုအပ်သည့် ကျွမ်းကျင်လုပ်သား (Skilled-Labour) များ မွေးထုတ်ပေးနိုင်ရေးအတွက် အစိုးရ နည်းပညာ အထက်တန်းကျောင်းများ တည်ထောင် ဖွင့်လှစ်လေ့ကျင့် သင်ကြား ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အစိုးရနည်းပညာ အထက် တန်းကျောင်း (စစ်တွေ)အား ဖွင့်လှစ် ထားရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ ၎င်းအစိုးရ နည်းပညာ အထက်တန်းကျောင်းမှာ ကိုယ်စားလှယ်တော်ကြီး လိုလားသည့် စက်မှုလုပ်ငန်း သင်တန်းကျောင်းပင်ဖြစ် ပါကြောင်း၊ အဆိုပါ အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ)တွင် အဆောက်အအုံ တည်ဆောက်ရေး အတတ် ပညာ၊ အဆောက်အအုံသုံးပစ္စည်းများ ပြင်ဆင်ခြင်းအတတ်ပညာ၊ လျှပ်စစ် ဆက်သွယ်မှုဆိုင်ရာ အတတ်ပညာ၊ စက်မှုပုံစံပြု အတတ်ပညာ၊ စက်မှုပစ္စည်း များ ပြုပြင်ထိန်းသိမ်းခြင်း အတတ်ပညာ၊ လျှပ်စစ် စွမ်းအားဆိုင်ရာ အတတ်ပညာ စသည့် ဘာသာရပ်(၆)ခုအား ဖွင့်လှစ် သင်ကြားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၃၁)ဦး တက် ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူ များသည် သက်ဆိုင်ရာသင်တန်းများတွင် အောင်မြင်ပြီးမြောက်ပါက မိမိတို့သင်ယူ ခဲ့သည့် အတတ်ပညာများနှင့် ဆက်စပ် သည့် စက်ရုံ၊ အလုပ်ရုံများ၊ တည် ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်မည့် စက်မှု လုပ်ငန်းကြီးများတွင် ကျွမ်းကျင် လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင် နိုင်ကြမည် ဖြစ်ပါကြောင်း။

စီစဉ်ထား

ဤအစိုးရ နည်းပညာအထက်တန်း ကျောင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သူများ (ဥပမာ- ဘာသာစုံ အောင်မှတ် ၇၅ ရာခိုင်နှုန်းအထက်ရရှိသူများ)သည် အစိုးရ စက်မှုလက်မှုသိပ္ပံ(Government Technical Institute)၊ အစိုးရနည်းပညာ ကောလိပ် (Government Technical College)နှင့် နည်းပညာတက္ကသိုလ် (Technological University) များ တွင် ပထမနှစ်မှ စတင်တက်ရောက် သင်ကြားနိုင်သော အခွင့်အလမ်းများပေး ထားပါကြောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်းမှ နှစ်နှစ် သင်ယူ အောင်မြင်သူများသည် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ပြီး အဆင့်မြင့် ဒီပလိုမာ သင်တန်းများ တက်ရောက်ရန် ဆန္ဒရှိသူများ အတွက်လည်း သင်တန်းများ တက်ရောက် နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ဖြေကြား

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း မေးမြန်း ချက်ကို ပြန်လည်ဖြေ ကြားစဉ်။ (သတင်းစဉ်)

မိုးကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း၏ တိုင်းရင်းသားစာပေတစ်ခုကို ပူးတွဲသင်ကြားစေသည့် ဥပဒေတစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့ လွှတ်တော် အစည်းအဝေးတွင် မိုးကောက် မဲဆန္ဒနယ်မှ ဦးဇော်ထွန်းက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစိုးရ စာသင်ကျောင်းများတွင် မြန်မာစာပေကို အဓိက စတင်သင်ကြားခြင်းအပြင် စိတ်ကြိုက်ဘာသာရပ်အဖြစ် သက်ဆိုင်ရာ တိုင်းရင်းသားစာပေတစ်ခုကို ပူးတွဲ သင်ကြားစေသည့် ဥပဒေတစ်ရပ်ရေးဆွဲ ကာ အကောင်အထည်ဖော် ဆောင်ရွက် ပေးရန်အစီအစဉ် ရှိ မရှိ မေးမြန်းသည်။

မိုးကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက ပညာရေးဝန်ကြီးဌာနအနေ ဖြင့် အခြေခံပညာ၏ ရည်ရွယ်ချက် ဖြစ် သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်၍ ပညာရေး အခြေခံကောင်းများပြည့်ဝသည့် နိုင်ငံသား ကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေး နိုင်ရေးအတွက် အခြေခံပညာ သင်ရိုး ညွှန်းတမ်းများကို ပြည်တွင်း ပြည်ပ ပညာ ရှင်များက ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ညှိနှိုင်း၍ နိုင်ငံတကာ အဆင့်မီ ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

လူမျိုးပေါင်းစုံ

မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုပေါင်း (၁၀၀)ကျော် စုစည်း နေထိုင်လျက်ရှိရာ ဘာသာစကားများလည်း များစွာရှိပါကြောင်း၊ အချို့မှာ လူမျိုးစု တူသော်လည်း ဘာသာစကားမှာ ဒေသ အလိုက် ကွဲပြားမှုရှိနေပါကြောင်း၊ တိုင်း ဒေသကြီး/ ပြည်နယ်အသီးသီးတွင်ပင် လူမျိုးစုပေါင်းများစွာ စုပေါင်းနေထိုင်လျက် ရှိပါသဖြင့် ကျောင်းတစ်ကျောင်းမှ အတန်းတစ်တန်းတည်းတွင်ပင် လူမျိုးစု တစ်ခုတည်း သီးသန့်မရှိနိုင်ဘဲ လူမျိုး ပေါင်းစုံပါဝင်နေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

လက်ရှိသင်ရိုးညွှန်းတမ်းနှင့် သင်ရိုး မာတိကာများသည် နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်နှင့် အညီဖြစ်ပြီး ပညာရေး သဘောတရားအရ ကလေးသူငယ်များ၏ အသက်အရွယ်အလိုက် လက်ခံသင်ယူ နိုင်မှု စွမ်းရည်နှင့်ကိုက်ညီသော ဘာသာရပ် များကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံတွင် ရုံးသုံးစာသည် မြန်မာစာဖြစ်သဖြင့် အခြေခံပညာ သင်ရိုး ညွှန်းတမ်းတွင် မြန်မာစာနှင့် နိုင်ငံတကာ သုံး အင်္ဂလိပ်စာကို ထည့်သွင်း ရေးဆွဲထား ခြင်း ဖြစ်ပါကြောင်း။

ရှင်းလင်းဖြေကြား

သို့ပါ၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုး များစွာရှိသည့်အတွက် တိုင်း ဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်း သား စာပေတစ်ခုချင်းစီကို အခြေခံ ပညာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း ရေးဆွဲ၍ သင်ကြားရန်မှာ လက်ရှိ အနေအထားတွင် မဖြစ်နိုင်သေးပါကြောင်း၊ မိမိ တိုင်းရင်းသားစာပေကို ကျောင်း ပြင်ပ သင်ကြားလိုပါက သင်ကြားခြင်းများ ကို ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြား သည်။ **(သတင်းစဉ်)**



ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း မေးမြန်း ချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ အခြေခံပညာကျောင်းအဆောက်အအုံများအား ထိန်းသိမ်းပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်က ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း အဆောက်အအုံများအား ရေရှည်ကြံ့ခိုင်မှုရှိစေရေးအတွက် နိုင်ငံတော်မှ စရိတ်လုံလောက်စွာဖြင့် ထိန်းသိမ်းပေးနိုင်ရန် အစီအစဉ် ရှိ မရှိ မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း အဆောက်အအုံများ ရေရှည်ကြံ့ခိုင်မှု ရှိစေရေးအတွက် နိုင်ငံတော်မှ ခွင့်ပြုချမှတ်ပေးသည့် ဘဏ္ဍာရေးရန်ပုံငွေဖြင့် နှစ်စဉ်ထိန်းသိမ်း၊ ပြုပြင်တည်ဆောက်ခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်လည်း အဆိုပါဘဏ္ဍာရေးရန်ပုံငွေကို အသုံးပြုလျက် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း (၁၈၅)ကျောင်းကို ထိန်းသိမ်းပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၆-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ တရားတော်
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာ့ရှုခင်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ လျှပ်တစ်ပြက်
၄:၃၅ ၇။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၉။ ရှေးဟောင်းသုတ
၅:၀၀ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၇)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ Mail Box
၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၅)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက်(၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာပျော်စရာဟာသကမ္ဘာ **မေးမြန်းဖြေကြား ပဟေဠိစကား** ကောင်းပြည့်၊ ဝင်းနိုင်၊ ခင်လှိုင်၊ ကောင်းစံ၊ ဝက်မ၊ ကစ်ကစ်၊ မျိုးမျိုးခိုင်၊ ကြူကြူသင်းနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၄။ Internet Website
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၁၄)
၂၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

သိန်းနီမြို့ မန္တလေးလမ်း ကတ္တရာခင်း

သိန်းနီ မတ် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မန္တလေးလမ်း ပေ ၁၄၀၀ ကတ္တရာလမ်းခင်း ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှု ဆောင်အရာရှိ ဦးခင်စောနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ကျော်တို့ မတ် ၄ ရက်က ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

အထက်မြန်မာပြည် ဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်း အခမဲ့ဆေးကုသပေး

နေပြည်တော် မတ် ၁၅

မန္တလေးတိုင်း ဒေသကြီးရှိ အထက်မြန်မာပြည်မှ ဆရာဝန် ကြီးများအဖွဲ့သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပား တောင်ကလပ်ရှိ ဇီဝိတဒါန သံဃာ့ ဆေးရုံကြီး၌ မတ် ၁၂ ရက်နှင့် ၁၃ရက် တို့တွင် ကွင်းဆင်း၍ ဝေဒနာရှင် လူနာများအား အခမဲ့ဆေး ကုသပေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၅

ဂျပန်နိုင်ငံ ဆန်းဒိုင်မြို့ တိုဟိုခုဒေသနှင့် ဂျပန်အရှေ့မြောက်ပိုင်းတို့၌ ငလျင်နှင့် ဆူနာမီလှိုင်းတို့ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံး ရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တခေးအခီ မာဆုမိုတိုထံသို့ ၂၀၁၁ခုနှစ် မတ် ၁၁ရက်တွင် စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်းမြို့နယ်များအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (သို့မဟုတ်) ကောလိပ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်က ရခိုင်ပြည်နယ်၏ တောင်ဘက်ခြမ်းမြို့နယ်များအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(သို့မဟုတ်) ကောလိပ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ရခိုင်ပြည်နယ်တွင် စစ်တွေမြို့၌ စစ်တွေတက္ကသိုလ်ကိုလည်းကောင်း၊ ကျောက်ဖြူမြို့၌ ကျောက်ဖြူပညာရေးကောလိပ်ကိုလည်းကောင်း တည်ထောင်ဖွင့်လှစ်ထားရှိပြီး ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်တွင် တက္ကသိုလ် (သို့မဟုတ်) ကောလိပ်များ ထပ်မံ၍ ဖွင့်လှစ်ရန် ယခုအချိန်တွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

အစည်းအဝေးအဋ္ဌမနေ့က မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် မေးမြန်းခဲ့သည့်မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရှင်းလင်းဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အစည်းအဝေး အဋ္ဌမနေ့က မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်မေးမြန်းခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသမှ စီးပွားရေးတက္ကသိုလ် ကျောင်းသားများသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်း၊ ဖုန်အလိုက် သတ်မှတ်ထားသည့်တက္ကသိုလ်၊ ကောလိပ်များတွင်သာ သွားရောက် ပညာသင်ကြားရသည့် ကန့်သတ်ချက်ကြောင့်လည်းကောင်း၊ နေထိုင်စားသောက်စရိတ်နှင့် ခရီးစရိတ် ဝန်ပိမှုကြောင့်လည်းကောင်း၊ အခြေခံ လူတန်းစားများ၏ သားသမီးများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရေးတွင် အခက်အခဲများစွာ ကြုံတွေ့ရပါကြောင်း၊ ထို့အတွက် ပညာရေး အဟောသိကံ ဖြစ်မှုများရှိနေကာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၌ အားနည်းစေပါကြောင်း၊ အနာဂတ်ကာလအစိုးရက လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ဖော်ထုတ်နိုင်ရေးအတွက် ဖော်ပြပါ အားနည်းချက်များကို မည်သို့ စီမံဖြေရှင်းပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားသည်။

သင်ကြားပေး

ယင်းသို့ ဖြေကြားရာတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသမှ စီးပွားရေးတက္ကသိုလ်ကျောင်းသားများသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်ရခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၁၉၈၈ ခုနှစ်မတိုင်မီက စီးပွားရေးပညာကို ရန်ကုန်စီးပွားရေးတက္ကသိုလ်တစ်ခုတွင်သာ တက်ရောက်သင်ကြားခွင့်ရရှိပြီး တစ်ပြည်လုံးမှ ကျောင်းသားဦးရေ (၁၀၀၀)ခန့်သာ လက်ခံနိုင်ခဲ့ပါကြောင်း၊ ယခုအခါ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်ပြီး တစ်ပြည်လုံးမှ ကျောင်းသား ဦးရေ (၆၄၀၀)အထိ တိုးမြှင့်၍ လက်ခံသင်ကြားပေးလျက်ရှိပါကြောင်း။

စီစဉ်ထား

ကျောင်းသားကျောင်းသူများအား တက်ရောက်ရမည့် စီးပွားရေးတက္ကသိုလ် သတ်မှတ်ပေးရာတွင် နယ်မြေဒေသ အခြေအနေအရ သွားလာမှုအဆင်ပြေဆုံး၊ ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေမှုကိုအခြေခံ၍ သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ ဤသို့ စဉ်းစားသတ်မှတ် ဆောင်ရွက်ပေးနေသည့်အတွက် အခြေခံလူတန်းစားများ၏ သားသမီးများအပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၌ အားနည်းချက် မဖြစ်ပေါ်စေဘဲ ဒေသအလိုက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပါကြောင်း၊ ထိုသို့ဖွံ့ဖြိုးတိုးတက်နေသည့်အတွက် ပညာရေးအဟောသိကံဖြစ်မှု လုံးဝမရှိပါကြောင်း၊ ဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသတွင်းရှိ ကျောင်းသားကျောင်းသူများအားလုံး တက္ကသိုလ်ပညာကို မိမိဒေသ (သို့မဟုတ်) မိမိဒေသနှင့် အနီးစပ်ဆုံးတွင် ပညာသင်ယူခွင့်ရရှိစေရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့်မူဝါဒများရရှိရေး'' အဆိုများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ဆောင်ရွက်

ထို့နောက် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ ''ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် (သို့မဟုတ်) အဆင့်သုံးဆင့် စဉ်းစားခွဲခြား ထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်''အဆိုနှင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ ''တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သောဈေး ရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်''အဆိုများကို တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်သင့် မသင့် အဆုံးအဖြတ် ရယူခြင်းများ ဆောင်ရွက်ကြသည်။

ကြေညာ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၁၁

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဆပွါဏကောပမသုတ်** တရားတော် (ဆရာတော်ဦးဃောသိတ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂)
၈:၄၅ Jewellry Show of the Year 2011 (The Rich Gems) (Part-3)
၉:၂၀ အတုအပကင်းစေဖို့ 3D Hologram သုံးကြစို့
၉:၄၅ အားကစားမြင်ကွင်းစုံ (ရွှေမင်းသားဖောင်ဒေးရှင်းရန်ပုံငွေ ခြေစမ်းပွဲကြိုတင်ပြင်ဆင်မှု အနေအထားများ) သူထူးစံ၊ ဇာနည်၊ ဝေမင်းမောင်
၁၀:၁၅ အောင်သမာဓိ စိန်ရွှေရတနာဆိုင်မှ ကြီးမှူးဖွင့်လှစ်သောရွှေပညာအခမဲ့ သင်တန်းအမှတ်စဉ် (၇)
၁၀:၄၀ ဓာတ်ပုံထဲမှအမှတ်တရများ (မိုးမိုး)
၁၁:၁၅ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန် (၄) (အဆုတ်ကင်ဆာ)
၁၁:၃၅ MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၀၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Indian Pharmaceuticals Exposition 2011)
၁:၀၀ **ဆပွါဏကောပမသုတ်** တရားတော် (ဆရာတော်ဦးဃောသိတ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **သည်းညည်းခံတာကောင်းတယ်၊ သည်းညည်းမခံတာကောင်းတယ်**
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၄)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၂)
၅:၀၀ Activities in the City (Wash and Care Line Rental and Commercial Laundry Services ဖွင့်ပွဲအခမ်းအနား)
၅:၂၅ လက်ဝယ်ရှိသော
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၅)
၇:၂၀ Cartoon Show Time (Arthur 3; War Of Two Worlds)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (Fancy လက်ကောက်၊ ဆွဲကြိုး၊ နားကပ်လေးတွေလုပ်ကြရအောင်)
၉:၀၀ Celebrity Style (ယုဇန)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃)
၁၀:၁၅ သင်ကြားရေးလမ်းညွှန် (PHYO Computer Training & Service Centre)
၁၀:၃၅ ဂီတသံစဉ်အလှဆင်
၁၀:၅၀ World of Knowledge (Inside; Sumo Kids)
၁၁:၄၀ **နာတာရှည်ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါ** (ပါမောက္ခဒေါက်တာစောနောင်)
၁၂:၀၀ Mega Star Talk (ခင်မောင်တိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၂:၂၀ လှပဝင့်ထည်မြန်မာ့ကြိမ်ထည်
၁၂:၄၀ Movie Mistakes (Troy)
၁:၀၀ မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
၁:၂၅ Shooting Location (မစန္ဒာအိမ်)
၁:၄၀ **လုံလုံလုံ** ဖိုးဉာဏ်၊ မေကဗျာ၊ ဖြိုးသီရိခေတ် [ဒါရိုက်တာ-မလိခစိုးထိုက်အောင်]
၁:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက် တိုးအောင်စိုက်ကြစို့
၁:၅၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဥမ္မာကျော်နှင့်တွေ့ဆုံခြင်း)
၂:၀၅ Say it in English
၂:၂၀ Let's Dance (The Uranium Dance Studio)
၂:၄၅ ခနုရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၂:၅၀ မြန်မာ့ရွှေချည်ထိုးပညာ
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
၄:၂၀ မိုးကုတ်မြို့မှ ရိုးရာအစားအစာ များနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV- 4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် ။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်ဂျင်နီယာဒီပလိုမာ သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၁၅

GALLANT Training Centre မှ City & Guilds (Institute) အင်္ဂလန်နိုင်ငံ၏ Approved Centre ရယူထားပြီး အင်ဂျင်နီယာမေဂျာဘာသာရပ် (၇)မျိုးနှင့် အဆင့်မြင့် ဒီပလိုမာဘာသာရပ် (၅)မျိုးကို အင်္ဂလန်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းအတိုင်း စာတွေ့၊ လက်တွေ့သင်ကြားလျက်ရှိရာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိထားပြီးသူများနှင့် အင်ဂျင်နီယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာ အသိအမှတ်ပြုရယူလိုသူများ တက်ရောက်နိုင်သည်။

City & Guilds (Institute) မှ (၆)လလျှင်တစ်ကြိမ်၊ တစ်နှစ်လျှင် စာမေးပွဲနှစ်ကြိမ်ကို ဇွန်လနှင့် ဒီဇင်ဘာလများတွင် ကျင်းပပေးလျက်ရှိပြီး မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်အလိုက် ဝင်ရောက်ဖြေဆိုနိုင်သည့် အရည်အချင်းအသိအမှတ်ပြုစာမေးပွဲကို ကျင်းပပေးသည်။ တန်းခွဲသစ်ကို မတ် ၂၀ ရက်တွင် ဖွင့်လှစ်ပြီး အထူးအစီအစဉ်ဖြင့် မတ် ၂၀ ရက်အထိ 20 % Discount ဖြင့် လက်ခံပေးမည်ဖြစ်ကာ တက်ရောက်လိုသူများသည် အမှတ်(၅) ဘီ(၅) လေးလွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၃၂၆၇၀ နှင့် ၅၃၉၄၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လက်ရှိမိုးလေဝသအခြေအနေ သတင်းထုတ်ပြန်

နေပြည်တော် မတ် ၁၅

ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်ပေါ်လျက်ရှိသော ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များ၊ ယခုလက်ရှိ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လာနီညာရာသီဥတု ဖောက်ပြန်မှုဖြစ်စဉ်များနှင့် နှီးနွယ်လျက် ပုံမှန်မဟုတ်သော မိုးလေဝသဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုများသည် မြန်မာနိုင်ငံအပေါ်သို့လည်း အနည်းငယ် အကျိုးသက်ရောက်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲ

အဆိုပါဖြစ်စဉ်များမှာ မိုးရာသီမရောက်ရှိသေးသော်လည်း အချိန်အခါမဟုတ် မိုးထစ်ချုန်းခြင်း၊ လေပြင်းများ နေရာကွက်၍တိုက်ခတ်ခြင်း၊ မိုးသီး ကြွေခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လျှပ်စီးလက်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ ယခုကာလသည် မုန်တိုင်းရာသီမဟုတ်သေးသော်လည်း ရာသီဥတု ပြောင်းလဲလာမှုကြောင့် မြန်မာ့ပင်လယ်ပြင်တွင် မုန်တိုင်းများ စော၍ဖြစ်ပေါ် လာမည်ဆိုပါက ပြည်သူများထံ မုန်တိုင်းသတင်းနှင့် ပတ်သက်၍ သတိပေးချက်နှင့် သတင်းထုတ်ပြန်ချက်များကို ကြိုတင်ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် သာဝတ္ထိ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ရောက်ရှိရာ စာစစ်ဌာနရှိ စာဖြေခန်းအသီးသီး၌ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စနစ်တကျ ဖြေဆိုနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပင်မဆောင်စာစစ်ဌာနနှင့် နောင်ရိုးတိုးချဲ့ဆောင်စာစစ်ဌာန၊ အမှတ်(၆) အခြေခံပညာ မူလတန်းလွန်ကျောင်း စာစစ်ဌာနများ၌ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာခင်၏ ရခိုင်ပြည်နယ်နှင့်ပြည်မဆက်သွယ်သော မော်တော်ကားလမ်းများ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

ပြန်လည် ဖြေကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာခင်က ရခိုင်ပြည်နယ်နှင့်ပြည်မသို့ ယခင်က တောင်ကုတ်-ပန်းတောင်းလမ်းတစ်ခုတည်းဖြင့်သာ ဆက်သွယ်သွားလာနိုင်ပါကြောင်း၊ သို့သော် ယခုအခါ ရန်ကုန်-စစ်တွေလမ်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ဆက်သွယ်ထားသည့် သံတွဲ-ဂွ-ငါးသိုင်းချောင်းလမ်းတို့ကို တပ်မတော်အစိုးရလက်ထက်တွင် ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မြို့များကို ဆက်သွယ်ထားသည့် လမ်းကွန်ရက်များ၊ တံတားများကိုလည်း ဖောက်လုပ်ထားပေးပြီးဖြစ်၍ ရခိုင်ပြည်နယ်မှ ပြည်သူများအနေဖြင့် ယခင်ကထက် ပြည်မနှင့် ပိုမိုချောမွေ့စွာ ဆက်သွယ်လာနိုင်ပါကြောင်း။

မေးမြန်း

သို့ရာတွင် ရခိုင်ပြည်နယ်၌ နှစ်စဉ်မိုးရေချိန်လက်မ (၂၀၀)ကျော် ရွာသွန်းသည့်အတွက် လမ်း၊ တံတားများ ပျက်စီးမှုမကြာခဏ ဖြစ်ပေါ်နေရပါကြောင်း၊ သို့ဖြစ်၍ "ရခိုင်ပြည်နယ်နှင့်ပြည်မဆက်သွယ်သော မော်တော်ကားလမ်းများ ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိမရှိ" သိရှိလိုပါကြောင်းဖြင့်မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရခိုင်ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ဆက်သွယ်ရာတွင် အဓိကလမ်းမကြီး (၃)လမ်းရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် မင်းဘူး-အမ်း-စစ်တွေလမ်း (၂၉၆)မိုင် (၅)ဖာလုံ၊ ပဲခူးတိုင်းဒေသကြီးနှင့်ဆက်စပ်နေသည့် ပြည်-တောင်ကုတ်-သံတွဲလမ်း (၁၄၆)မိုင် (၃)ဖာလုံနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း (၁၃၂)မိုင် (၂)ဖာလုံတို့ ဖြစ်ပါကြောင်း၊ ထိုလမ်းမကြီး(၃)လမ်းကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

မင်းဘူး-အမ်း-စစ်တွေလမ်း (၂၉၆)မိုင် (၅)ဖာလုံကို မင်းဘူး-အမ်းလမ်းအပိုင်း၊ အမ်း-ကြာအင်းတောင် လမ်းအပိုင်း၊ ကြာအင်းတောင် - စစ်တွေလမ်းအပိုင်း စသည်ဖြင့် အပိုင်း(၃)ပိုင်းခွဲပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့(၂၃)ဖွဲ့၊ ကုမ္ပဏီအဖွဲ့(၃၆)ဖွဲ့ စုစုပေါင်း(၅၉)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်လျက်ရှိသည့် စက်ယာဉ်ယန္တရားများအနေဖြင့် မြေထိုးစက် (၁၇)စီး၊ မြေညှိစက် (၁၅)စီး၊ မြေတူးကော်တင်စက် အစီး (၆၀)၊ လမ်းကြိတ်စက် (၅၉)စီး၊ ကျောက်ခွဲစက် (၆၉)စီး၊ မြေသယ်ယာဉ် အစီး (၁၈၀)၊ ဆီ/ရေသယ်ယာဉ် အစီး (၂၀)၊ အုပ်ချုပ်မှုသုံးယာဉ်ငယ်အစီး (၆၀)၊ မီးစက် (၆၅)လုံး စုစုပေါင်း (၆၄၅)စီးနှင့် လုပ်သားအင်အား (၂၃၆၀)တို့ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က မတ်စောက်ကျဉ်းမြောင်းပြီး အကွေ့အကောက်များစွာ ရှိခဲ့သော စစ်တွေ-မင်းဘူးလမ်းသည် ယခုအခါ ပေ(၅၀)အကျယ် ဖြောင့်တန်းပြေပြစ်နေသည့် လမ်းမကြီးအဖြစ်ခံ့ညားထည်ဝါစွာ တွေ့မြင်နေရပြီ ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ကတ္တရာလမ်းအဆင့်အထိ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းလမ်းပေါ်ရှိ သစ်သားတံတားကြီးငယ်များကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

စီမံကိန်းအသွင်

အမ်း-စစ်တွေလမ်းပေါ်ရှိ မဲတောင်အတက်လမ်းမကြီးသည် မြင့်မားမတ်စောက်ပြီး အတက်အဆင်းကြမ်းသည့်အတွက် ခရီးသည်တင်ယာဉ်များ တိမ်းမှောက်မှု မကြာခဏဖြစ်ကာ ခရီးသွားပြည်သူများ ဒဏ်ရာရသေဆုံးမှု များခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း ယင်း မဲတောင်အတက်လမ်းမကြီးကို ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်သည့်အထိ အတက်အဆင်း ပြေပြစ်အောင်၊ ကားများ လွယ်ကူစွာရှောင်နိုင်အောင်၊ ကားများလွယ်ကူစွာကွေ့နိုင်အောင် လမ်းအနိမ့်အမြင့်ဖြေခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းအူကြောင်းအသစ် ရှာဖွေခြင်းတို့ကို စီမံကိန်းအသွင် စက်ယာဉ်ယန္တရားများစွာဖြင့် နေ့ဆိုင်းညဆိုင်းခွဲကာ မိုးမကျမီအပြီးဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယခုအခါ ယခင်လမ်းဟောင်းထက် ပေ(၂၀၀)ခန့် နိမ့်ကျသွားသော မဲတောင်ရှောင်ကွင်းလမ်းမကြီးသည် မကြာမီ ပြီးစီးမည်ဖြစ်ပါကြောင်း။

ကြိုးတံတား (၃)စင်းကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ရာတွင် ကျောက်တန်းချောင်းတံတား ပေ(၃၄၀)၊ သယုတံတား(ပဲပဒို) ပေ (၄၀၀)တို့ကို သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ အမ်း(အောက်ရွာ) ကြိုးတံတားကိုလည်း ပေ(၆၀၀)အရှည် သံကူကွန်ကရစ်တံတားအဖြစ် စတင်တည်ဆောက်နေပြီဖြစ်ပါကြောင်း။

ပြည်-ပန်းတောင်း-တောင်ကုတ်-သံတွဲလမ်း (၁၄၆)မိုင် (၃)ဖာလုံကိုလည်း နေလသစ္စာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် လမ်း၊ တံတားများကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့များဖြင့် သဏ္ဍယ်ပြင်တံတား ပေ(၁၅၀)နှင့် ကွေ့ချောင်းတံတား ပေ(၁၅၀) အပါအဝင် စုစုပေါင်းတံတား (၄)စင်းတို့ကိုလည်း သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်လျက်ရှိပါကြောင်း၊ နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီမှလည်း ပွင့်လင်းရာသီတွင် ကတ္တရာခင်းနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီစဉ်ဆောင်ရွက်

ငါးသိုင်းချောင်း-ဂွ-သံတွဲ လမ်းအပိုင်းတွင် ငါးသိုင်းချောင်း (ရေနံ့သာ) လမ်းဆုံမှ ဂွလမ်းအထိ (၄၉)မိုင် (၂)ဖာလုံကို ရွှေမိုးအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် လမ်း၊ တံတားများကို အဆင့်မြှင့်တင်တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ သံတွဲ-ဂွလမ်းတွင်ကျန်ရှိသည့် (၈၃)မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့ (၁)ဖွဲ့၊ ခရိုင်အဖွဲ့ (၁)ဖွဲ့ဖြင့် လမ်း၊ တံတားများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂွမြို့နှင့် သံတွဲမြို့အကြားရှိ ဇလွန်တံတား ပေ(၆၀)၊ ကစွန်းခင်းတံတား ပေ(၁၀၀)၊ ပုဂံတောင်တံတား ပေ(၆၀)နှင့် ကိုန္တလီတံတား ပေ (၁၂၀)တို့ကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် တံတားအထူးအဖွဲ့က တည်ဆောက်ရန် စတင်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း၌ ပထဝီအနေအထားအရ သီးခြားစီတည်ရှိနေသော ကျွန်းကြီးများကိုလည်း ကျွန်းပတ်လမ်းများဖောက်လုပ်လျက်ရှိပါကြောင်း၊ မာန်အောင်ကျွန်းပတ်လမ်းနှင့် လမ်းပေါ်ရှိ တံတားအစင်း (၁၉၀)ကို တည်ဆောက်ပေးပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် ရမ်းဗြဲ-အောင်လှပြင်လမ်းကိုဖောက်လုပ်ပေးခြင်း၊ ဘူးသီးတောင်-မောင်တောလမ်းပေါ်ရှိ (၆၅၈)ပေအရှည်ရှိ လိုင်ဂူကြီးရှောင်ကွင်းလမ်းအား တည်ဆောက်ခြင်း၊ ဗန္ဓုလ-မောင်တော-အင်ူမော်လမ်း (၉၄)မိုင် (၅)ဖာလုံ မူလတစ်ကြောင်းထိုးမြေသားလမ်းအား အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ တံတားအားလုံး သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန်အတွက် စီမံချက်ရေးဆွဲပြီးဖြစ်ပါကြောင်း၊ ပေ (၅၀)နှင့်အောက် တံတားများကို ပထမအဆင့်၊ ပေ(၅၀)အထက်၊ ပေ(၁၀၀)နှင့်အောက် တံတားများကို ဒုတိယအဆင့်၊ ပေ (၁၀၀)အထက်၊ ပေ (၁၈၀)အောက် တံတားများကို တတိယအဆင့်အဖြစ် အဆင့်လိုက် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပေ (၁၈၀) နှင့်အထက် တံတားများဆောင်ရွက်ရန်ရှိပါက နိုင်ငံတော်အစိုးရထံ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်ဆင့်တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

အဆင့်မြှင့်တင်

ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်အင်ဂျင်နီယာမှူးကြီးက ကြပ်မတ်၍ လမ်းအထူးအဖွဲ့ (၅)ဖွဲ့၊ တံတားအထူးအဖွဲ့ (၄)ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ (၅)ဖွဲ့၊ အဆောက်အအုံ အထူးအဖွဲ့ (၂)ဖွဲ့၊ ခရိုင်အဖွဲ့ (၄)ဖွဲ့၊ ကုမ္ပဏီအဖွဲ့ (၂၉)ဖွဲ့ စုစုပေါင်း (၄၉)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ပြည်သူပြည်သားများ အထူးလိုလားတောင့်တနေကြသော မြို့နယ်ချင်းဆက်လမ်း (၄)လမ်းကိုလည်း ယခုဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ် မြို့နယ် (၁၇)မြို့နယ်တွင် ကားလမ်းများရှိပြီးဖြစ်ပါကြောင်း၊ ၎င်းလမ်းများမှာ ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်း (၂၂)မိုင် (၆)ဖာလုံ၊ ပေါက်တော-မင်းပြားလမ်း မိုင်(၂၀) (၆)ဖာလုံ၊ မြေပုံ-ကပိုင် (ကြာအင်းတောင်)လမ်း (၁၂)မိုင် (၅)ဖာလုံ၊ ကျောက်တော်-ပလက်ဝလမ်း (၃၃)မိုင် (၅)ဖာလုံတို့ဖြစ်ပါကြောင်း။

ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းပေါ်ရှိ တည်ဆောက်မည့်တံတားများမှာ ရသေ့တောင်ချောင်းတံတား ပေ(၆၆၀)၊ ထွန်းရဝေချောင်းတံတား ပေ(၄၂၀)၊ ပြွန်ချောင်းတံတား ပေ(၁၃၀)၊ ဝါးခွပ်ချောင်းတံတား ပေ(၁၃၀)၊ ဘိတ်မြောင်ချောင်းတံတား ပေ (၁၂၀)၊ တောဖျားချောင်းတံတား ပေ (၁၀၀၀)၊ ပြင်ဖြူချောင်းတံတား ပေ (၁၀၀)၊ ရေခမ်းချောင်းတံတား ပေ(၁၃၀)၊ စံမတီးချောင်း တံတား ပေ(၄၈၀) တို့ ဖြစ်ပါကြောင်း။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပေါက်တော-မင်းပြားလမ်းပေါ်ရှိ တည်ဆောက်လျက်ရှိသည့်တံတားများမှာ ဆင်ခုံတိုင်တံတား ပေ(၉၀၀)၊ စွန်ရဲမြစ်ကူးတံတား (၁၂၁၆)ပေတို့ဖြစ်ပြီး တံတားလုပ်ငန်းများကို ဘိုးပိုင်တွင်းတူးစက်ကြီးများ၊ ကရိန်းကြီးများဖြင့် မိုးမကျမီပြီးစီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလွယ်တကူ

မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းကို ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်း (၁၂)မိုင် (၅)ဖာလုံကိုလည်း ဖောက်လုပ်လျက်ရှိသည့်အတွက် အဆိုပါလမ်းမကြီး ပြီးစီးပါက မြေပုံမှရန်ကုန်၊ မန္တလေးမြို့များသို့ သွားလာရာတွင် ယခင်ကကဲ့သို့ ခရီးမထောက်တော့ဘဲ အလွယ်တကူသွားလာနိုင်မည်ဖြစ်ပါကြောင်း၊ မြေပုံ-ကပိုင် (ကြာအင်းတောင်)လမ်းပေါ်ရှိ တည်ဆောက်မည့်တံတားများမှာ ကျောင်းဂမော်မြစ်ကူးတံတား (၂၃၇၂)ပေ၊ ပြွန်ရှည်ချောင်းတံတား ပေ(၁၀၈၀)၊ ပဲကောက်ချောင်းတံတား ပေ(၁၅၀)တို့ ဖြစ်ပါကြောင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိပါကြောင်း။

ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တည်ဆောက်မည့်တံတားများမှာ မီးချောင်းတံတား ပေ(၄၂၀)၊ သဲမချောင်းတံတား ပေ(၃၃၀)၊ နှမဒါချောင်းတံတား ပေ(၄၅၀)တို့ဖြစ်ပါကြောင်း၊ ဘူးသီးတောင်-မောင်တောလမ်းတွင် မိုးဒဏ်ကြောင့် ကြီးမားစွာပျက်စီးခဲ့သော (၁၆)မိုင်လမ်းအပိုင်းကို တစ်လအတွင်းပြီးစီးအောင် တည်ဆောက်ခဲ့ခြင်း၊ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပြင်းထန်စွာတိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းကြောင့် ကျောက်ဖြူခရိုင်အတွင်းရှိ ပျက်စီးခဲ့သောလမ်း၊ တံတားများ၊ ပင်လယ်ကမ်းပါး ရေလှိုင်းကာနံရံများအား နှစ်လအတွင်းတည်ဆောက်ခြင်းကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်မှ ချင်းပြည်နယ် ပလက်ဝနှင့် ကလက်ဝမြို့များကိုဖြတ်၍ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့်ဆက်သွယ်မည့် လမ်းမကြီးကိုလည်း စတင်ဖောက်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံမှ IRCON ကုမ္ပဏီ (Indian Railway Construction Company Limited)နှင့် မြန်မာနိုင်ငံမှ မက်စ်မြန်မာကုမ္ပဏီလီမိတက်တို့ အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျောက်တော်-ပလက်ဝလမ်း (၃၃)မိုင် (၅)ဖာလုံကို ဖောက်လုပ်လျက်ရှိရာ ယခင်က မြေသားလမ်းအဆင့် ပြီးစီးနေပြီဖြစ်၍ မော်တော်ကားများသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ယခုအခါ ကျောက်ခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် မြို့နယ် (၁၇)မြို့နယ်အတွင်းရှိ လမ်း၊ တံတားများကို အဆင့်မြှင့်တင်တည်ဆောက် ထိန်းသိမ်းပေးနေသကဲ့သို့ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးသို့ ဆက်သွယ်သည့်လမ်း၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးသို့ ဆက်သွယ်သည့်လမ်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်သွယ်သည့် လမ်းနှင့်တံတားများကို အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပေးနေသည်ကို ကိုယ်စားလှယ်တော်ကြီးများ အသိပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်တိုးတက်လာပြီး ရခိုင်ပြည်နယ်နှင့်ပြည်မ ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ချင်းပြည်နယ်၏ ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်းဝယ်ဖောက်ကားနိုင်ရန် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးများ ဖောက်လုပ်ပေးနိုင်မှု ရှိ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းက ချင်းပြည်နယ်တွင် လုပ်ငန်းများဆောင်ရွက်ပါက စီးပွားရေးအရ တွက်ခြေမကိုက်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသည်များကိုလည်း သိရှိရပါကြောင်း၊ အထူးလိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးလာမည်ဟု မျှော်မှန်းရပါကြောင်း၊ ချင်းပြည်နယ်တွင် မြေဆီသြဇာကောင်းသည့်အတွက် စိုက်ပျိုးရေး ဖြစ်ထွန်းပါကြောင်း။

နယ်စပ်ကုန်သွယ်ရေးလမ်း

သို့ဖြစ်၍ "ချင်းပြည်နယ်၏ ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်းဝယ်ဖောက်ကားနိုင်ရန် ချင်းပြည်နယ်ကိုဖြတ်ပြီး အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ချိတ်ဆက်သည့် နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးများဖြစ်သော မန္တလေး-ဂန့်ဂေါ-ဖလမ်း-ရိဒ်ခေါဒါရ်လမ်းမကြီး၊ ကလေး-တီးတိန် - ရိဒ်ခေါဒါရ် လမ်းမကြီးနှင့် ပခုက္ကူ-မတူပီ-ပလက်ဝ-မြိတ်ဝ လမ်းမကြီးများအားဖောက်လုပ်ပေးနိုင်မှု ရှိ မရှိ" သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဆက်လက်တင်ပြ

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ချင်းပြည်နယ်ထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်ရန် ချင်းပြည်နယ်မှ မြန်မာနိုင်ငံမြေပြန့်ဒေသနှင့် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ချိတ်ဆက်နိုင်မည့် လမ်းမကြီးများအနေဖြင့် မန္တလေး - ဂန့်ဂေါ - ဖလမ်း - ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်လမ်းမကြီး (၃၉၄)မိုင် (၂)ဖာလုံ၊ ကလေး-တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီး (၈၈)မိုင်၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ချင်းပြည်နယ်မြို့များအားလုံး ဆက်သွယ်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက်ပေးနိုင်မှု ရှိ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းက ပြည်ထောင်စုလမ်းမကြီးများဟုဆိုရာတွင် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသည့် လမ်းကြီးများ၊ တံတားကြီးများကို ဆိုလိုခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ "ချင်းပြည်နယ်မြို့များအားလုံးဆက်သွယ်နိုင်သည့် ကျီခါး-တွန်းဇံ-တီးတိန်-ဖလမ်း-ဟားခါး-ထန်တလန် ပြည်ထောင်စုလမ်းမကြီး၊ ဟားခါး-မတူပီ-ပလက်ဝ ပြည်ထောင်စုလမ်းမကြီး၊ ပခုက္ကူ - မင်းတပ် - ကန်ပက်လက် ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက် ပေးနိုင်မှု ရှိ မရှိ" သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အပိုင်း(၃)ပိုင်း

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ချင်းပြည်နယ်အတွင်းရှိ ကျီခါး-တွန်းဇံ-တီးတိန်-ဖလမ်း-ဟားခါး - ထန်တလန်လမ်းမကြီးတွင် ကျီခါး-တွန်းဇံ-တီးတိန်-ဖလမ်း လမ်းအပိုင်း(၁၅၇)မိုင် (၃) ဖာလုံ၊ ဖလမ်း-ဟားခါးလမ်းအပိုင်း(၄၃)မိုင် (၃)ဖာလုံ၊ ဟားခါး-ထန်တလန် လမ်းအပိုင်း(၂၁)မိုင် (၄)ဖာလုံဟူ၍ အပိုင်း(၃)ပိုင်း ပါဝင်ပါကြောင်း။

ကျီခါး-တွန်းဇံ-တီးတိန်-ဖလမ်း လမ်းအပိုင်းတွင် ကတ္တရာလမ်း (၅၈)မိုင် (၇)ဖာလုံ၊ ကျောက်လမ်း (၅၅)မိုင် (၆) ဖာလုံ၊ မြေလမ်း(၄၂)မိုင် (၆)ဖာလုံ စုစုပေါင်း (၁၅၇)မိုင် (၃)ဖာလုံဖြစ်ပါကြောင်း၊ ဖလမ်း-ဟားခါးလမ်းအပိုင်းတွင် ကတ္တရာလမ်း (၃၄)မိုင် (၁)ဖာလုံ၊ ကျောက်လမ်း (၉)မိုင် (၂)ဖာလုံ စုစုပေါင်း (၄၃)မိုင် (၃)ဖာလုံ ဖြစ်ပါကြောင်း၊ ဟားခါး-ထန်တလန်အပိုင်းတွင် ကတ္တရာလမ်း (၃) မိုင် (၄)ဖာလုံ၊ ကျောက်လမ်း (၁၈)မိုင် စုစုပေါင်း(၂၁)မိုင် (၄)ဖာလုံဖြစ်ပါကြောင်း။

စီမံချက်ချ

အဆိုပါလမ်းပိုင်းများတွင် မြေလမ်းမှ အမာခံလမ်းအဆင့်၊ အမာခံလမ်းမှ ကျောက်လမ်းအဆင့်၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်၊ လမ်းအဆင့်(၄)ဆင့် ပိုင်းခြားထားပြီး တစ်ဆင့်ပြီးတစ်ဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် စုစုပေါင်း ကတ္တရာလမ်း (၉၆)မိုင် (၄)ဖာလုံအထိ တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျန်အပိုင်းများကိုလည်း နိုင်ငံတော် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများကို စီမံချက်ချ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လမ်းများတိုးတက်

၂၀၂၀ အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်ချိန်တွင် မြန်မာနိုင်ငံ၏ ပြည်ထောင်စုလမ်းမကြီးများကို ကတ္တရာလမ်းအဆင့် ရောက်ရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဓိက စီမံကိန်းအဖြစ်ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ချင်းပြည်နယ်အတွင်း လွန်ခဲ့သောနှစ် (၂၀)မှစ၍ အဆင့်အလိုက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လမ်းများတိုးတက်လာခြင်းကို ကိုယ်စားလှယ်တော်ကြီးများ အသိပင်ဖြစ်ပါကြောင်း။

အဆင့်မြှင့်တင်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းမိုင်ပေါင်း(၂၁၃၆၁)မိုင် (၂)ဖာလုံတွင် လမ်းမိုင်ပေါင်း (၁၀၀၀၀) ကျော်ကို ကတ္တရာလမ်းအဆင့် တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့်ကတ္တရာလမ်းအဆင့် (၅၀) ရာခိုင်နှုန်းသာပြီးစီးပြီး ကျန်လမ်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရာတွင် အာရှလမ်းမကြီးနှင့် အာဆီယံလမ်းမကြီးများ ပထမဦးစားပေးအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက် ပြည်ထောင်စုလမ်းမကြီးများ ဒုတိယဦးစားပေးအဆင့်၊ ခရိုင်ချင်းဆက်လမ်းများ တတိယ ဦးစားပေးအဆင့်၊ မြို့နယ်ချင်းဆက်လမ်းများ စတုတ္ထဦးစားပေးအဆင့် စသည်ဖြင့် အဆင့်လိုက်ဦးစားပေး အဆင့်မြှင့်တင်ပြီး ကတ္တရာလမ်းအဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဤနေရာတွင် ပြည်ထောင်စုလမ်းမကြီးဆိုသည့် အဓိပ္ပာယ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း၊ ပြည်ထောင်စုလမ်းမကြီးဆိုသည်မှာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ဆက်ထားသောလမ်းကိုသာ ဆိုလိုခြင်းဖြစ်ပါကြောင်း။

ကုန်ကျစရိတ်များ

ကိုယ်စားလှယ်တော်ကြီး မေးမြန်းသော ဒုတိယတစ်လမ်းဖြစ်သည့် ဟားခါး-မတူပီ-ပလက်ဝလမ်းတွင် ဟားခါး-မတူပီ လမ်းအပိုင်း (၁၇၂)မိုင် (၆)ဖာလုံ၊ မတူပီ-ပလက်ဝလမ်းအပိုင်း (၁၃၅)မိုင် (၃)ဖာလုံဟူ၍ အပိုင်း(၂)ပိုင်း ပါဝင်ပါကြောင်း၊ ဟားခါး-မတူပီလမ်းအပိုင်းတွင် ကတ္တရာလမ်း (၂) မိုင် (၆)ဖာလုံ၊ ကျောက်လမ်း (၄၉)မိုင်၊ မြေလမ်း (၁၂၁)မိုင် စုစုပေါင်း (၁၇၂)မိုင် (၆)ဖာလုံဖြစ်ပါကြောင်း၊ ဤအပိုင်းတွင် ယခုနှစ်အတွင်း ရေဇွာမြို့တွင်း (၂)မိုင် ကတ္တရာခင်းခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍ နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မတူပီ-ပလက်ဝလမ်းအပိုင်းတွင် ကတ္တရာလမ်း(၃)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၁)ဖာလုံ၊ မြေလမ်း (လမ်းအူကြောင်း) (၁၃၂) မိုင် (၇)ဖာလုံ စုစုပေါင်း (၁၃၅)မိုင် (၃)ဖာလုံဖြစ်ပါကြောင်း၊ ဤလမ်းသည် နယ်မြေအနေအထားအရ ကုန်ကျစရိတ်များသောလမ်းဖြစ်၍ ဆောင်ရွက်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းသော တတိယ တစ်လမ်းဖြစ်သည့် ပခုက္ကူ-မင်းတပ် - ကန်ပက်လက်လမ်းတွင် ပခုက္ကူ-မင်းတပ်လမ်းအပိုင်း (၈၉)မိုင် (၃)ဖာလုံ၊ မင်းတပ်-ကန်ပက်လက်လမ်းအပိုင်း (၃၈)မိုင်ဟူ၍ အပိုင်း (၂)ပိုင်း ပါဝင်ပါကြောင်း၊ ပခုက္ကူ-မင်းတပ်အပိုင်းတွင် ကတ္တရာလမ်း(၈၈)မိုင် (၃)ဖာလုံ၊ ကျောက်လမ်း (၁)မိုင် စုစုပေါင်း (၈၉)မိုင် (၃)ဖာလုံ ဖြစ်ပါကြောင်း၊ မင်းတပ်-ကန်ပက်လက်လမ်းအပိုင်းတွင် ကျောက်လမ်း (၂၂)မိုင် (၁)ဖာလုံ၊ မြေလမ်း (၁၅)မိုင် (၇)ဖာလုံ စုစုပေါင်း (၃၈)မိုင် ဖြစ်ပါကြောင်း။

အဆိုပါလမ်းအပိုင်းများတွင် မြေလမ်းမှအမာခံလမ်းအဆင့်၊ အမာခံလမ်းမှ ကျောက်လမ်းအဆင့်၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်စသည်ဖြင့် လမ်းအဆင့်အလိုက် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ကတ္တရာလမ်းအဆင့် မိုင် (၁၀၀) (၄) ဖာလုံအထိ တိုးမြှင့် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျန်အပိုင်းများကိုလည်း နိုင်ငံတော်ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းများကို စီမံချက်ချ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှင်းလင်းဖြေကြား

ချင်းပြည်နယ်တွင် ချင်းအမျိုးသား ဦးငွန်ဆန်းဟော်အား ပြည်နယ်အင်ဂျင်နီယာမှူးကြီး တာဝန်ပေး၍ လမ်းအထူးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး (၂)ဦး၊ ခရိုင် အင်ဂျင်နီယာမှူး (၂)ဦး၊ မြို့နယ်အင်ဂျင်နီယာ (၇)ဦး၊ လုပ်ငန်းခွင်လက်ထောက်အင်ဂျင်နီယာ (၇)ဦး၊ မြို့နယ်ခွဲအင်ဂျင်နီယာ (၃)ဦး၊ လုပ်ငန်းခွင်အင်ဂျင်နီယာ (၁) (၁၃)ဦး၊ ပုံဆွဲဝန်ထမ်း (၄)ဦး၊ ရုံးဝန်ထမ်း(၇၅)ဦး၊ လုပ်သားအင်အား (၃၀၀)တို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့လိုက်ဆောင်ရွက်လျက်ရှိသည့် စက်ယန္တရားများအနေဖြင့် မြေထိုးစက်(၁၄)စီး၊ မြေညှိစက် (၈)စီး၊ မြေတူး ကော်တင်စက် (၁၂)စီး၊ လမ်းကြိတ်စက် (၃၃)စီး၊ ကျောက်ခွဲစက် (၇) လုံး၊ ကရိန်း (၁)စီး၊ မြေသယ်ယာဉ် (၇၂)စီး၊ ဆီသယ်/ ရေသယ်ယာဉ် (၄)စီး၊ အုပ်ချုပ်မှုသုံးယာဉ်ငယ် (၁၅)စီး စုစုပေါင်း (၁၆၆)စီးရှိပြီး လုပ်ငန်းလိုအပ်ချက်အရ ရွေ့ပြောင်းယာဉ်များကိုလည်း အသုံးပြုလျက်ရှိပါကြောင်း၊ လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နောင်နှစ်တွင်လည်း ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး စီမံချက်များချမှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ပခုက္ကူ-မတူပီ-ပလက်ဝ-မြိတ်ဝ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီး (၃၇၇)မိုင် (၁) ဖာလုံတို့ဖြစ်ပါကြောင်း၊ လမ်းပိုင်းများ၏ အခြေအနေကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း။

ပထမပိုင်းလမ်းအဖြစ် မန္တလေး-ဂန့်ဂေါ-ဖလမ်း-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်ပြီး လမ်းအခြေအနေမှာ ကတ္တရာလမ်း (၂၈၅)မိုင် (၄)ဖာလုံ၊ ကျောက်လမ်း (၆၂)မိုင် (၆)ဖာလုံ၊ မြေလမ်း (၄၆)မိုင် စုစုပေါင်း (၃၉၄)မိုင် (၂)ဖာလုံ ရှိပါကြောင်း။

ဒုတိယပိုင်းလမ်းအဖြစ် ကလေး-တီးတိန်-ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်ပြီး လမ်းအခြေအနေမှာ ကတ္တရာလမ်း (၃၆)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း (၄၂)မိုင် (၇)ဖာလုံ၊ မြေလမ်း (၈)မိုင် (၃) ဖာလုံ စုစုပေါင်း (၈၈)မိုင် ရှိပါကြောင်း။

အကောင်အထည်ဖော်

တတိယပိုင်းလမ်းအဖြစ် ပခုက္ကူ-မတူပီ-ပလက်ဝ-မြိတ်ဝ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်ပြီး လမ်းအခြေအနေမှာ ကတ္တရာလမ်း မိုင်(၂၀၀) (၂)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၁)ဖာလုံ၊ မြေလမ်း (အူကြောင်းလမ်း) (၁၇၄)မိုင် (၆)ဖာလုံ စုစုပေါင်း (၃၇၇)မိုင် (၁)ဖာလုံရှိပါကြောင်း၊ ၎င်းလမ်းကြောင်းမှ မတူပီ-ပလက်ဝအပိုင်းသည် နယ်မြေအနေအထားအရ ကုန်ကျစရိတ်များစွာ အသုံးပြုရမည့်လမ်းဖြစ်၍ လောလောဆယ် ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်း၊ သို့သော်လည်း ကလက်ဝ(မြိတ်ဝ)၊ ပလက်ဝမှ ပခုက္ကူအထိ ကုန်သွယ်ရေးလမ်းမကြီးကို ပလက်ဝမှ ကလက်ဝ(မြိတ်ဝ)အထိ (၄၁)မိုင် (၇)ဖာလုံအား အိန္ဒိယနိုင်ငံအကူအညီဖြင့် ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အစိတ်အပိုင်းအဖြစ် အိန္ဒိယနိုင်ငံမှ IRCON ကုမ္ပဏီ (Indian Railway Construction Company Limited) နှင့် မြန်မာနိုင်ငံမှ မက်စ်မြန်မာကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ အကြို အင်ဂျင်နီယာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

အဆိုပါ ကုန်သွယ်ရေးလမ်းဖြစ်သော ပလက်ဝ-ကလက်ဝ(မြိတ်ဝ) လမ်းမကြီး တည်ဆောက်ပြီးစီးပါက အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းသည် ကလက်ဝ (မြိတ်ဝ)-ပလက်ဝမှ ကျောက်တော်-အမ်း-ပဒါန်းမှတစ်ဆင့် ပခုက္ကူသို့ ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ပါကြောင်း။

အဆင့်မြှင့်တင်

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ်သို့ ဆက်သွယ်သည့်လမ်း(၂) လမ်းဖြစ်သော ဖလမ်း-ရိဒ်ခေါဒါရ်လမ်း (၆၇)မိုင် (၆)ဖာလုံနှင့် တီးတိန်-ရိဒ်ခေါဒါရ်လမ်း (၃၂)မိုင် (၃)ဖာလုံတို့တွင် တီးတိန်-ရိဒ်ခေါဒါရ်လမ်းကို ဦးစားပေးဆောင်ရွက်ရန် နှစ်နိုင်ငံညှိနှိုင်းခဲ့ပြီးဖြစ်၍ လမ်းအဆင့်မြှင့်တင်ရန် လမ်းအူကြောင်းတိုင်းတာမှုအဆင့်ကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဖလမ်း-ရိဒ်ခေါဒါရ်လမ်း၏ လက်ရှိအခြေအနေမှာ မြေသားလမ်းဖြစ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်ရမည်ဖြစ်ပြီး နှစ်အလိုက်စီမံကိန်းချမှတ်ကာ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နှင့် ချိတ်ဆက်ရန်အတွက် ပလက်ဝမြို့မှ ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ လမ်းဖောက်လုပ်နေပြီဖြစ်၍ ကျောက်တော်မှ တစ်ဆင့် စစ်တွေမြို့သို့လည်းကောင်း၊ စစ်တွေမြို့မှ ဘူးသီးတောင်၊ မောင်တောမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် သွားလာနိုင်တော့မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း၏ အထူးဒေသများသတ်မှတ်ရာတွင် ချင်းပြည်နယ်ပါဝင်ခြင်း ရှိ မရှိ နှင့် ချင်းပြည်နယ်အတွက် ဆောင်ရွက်ပေးမှုအစီအစဉ်များနှင့် စပ်လျဉ်းသည့် မေးခွန်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းက တပ်မတော်အစိုးရလက်ထက်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသကြီး (၂၄)ခု သတ်မှတ်၍ ယင်းအထူးဒေသများအတွင်း၌ အထူးကုဆရာဝန်ကြီးများထားရှိသော ခုတင်(၂၀၀) ဆံ့ဆေးရုံကြီး၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီ ဆောက်လုပ်ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်ကို သိရှိရပါကြောင်း၊ "ယင်းအထူးဒေသများ သတ်မှတ်ရာတွင် ချင်းပြည်နယ်ပါဝင်ခြင်း ရှိ မရှိနှင့် ချင်းပြည်နယ်အတွက် ဆောင်ရွက်ပေးမှုအစီအစဉ်များ" ကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

ထပ်မံဖြည့်ဆည်းဆောင်ရွက်

အဆိုပါမေးမြန်းချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုတစ်ဝန်းလုံး ဆူကြံနိမ့်မြင့်ကွာဟချက်များနည်းပါးပြီး မျှမျှတတ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ယင်းဒေသကြီးများ တစ်ခုစီအတွင်း ဘက်စုံလွှမ်းခြုံတိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တင်ပြပါဒေသကြီးအတွင်း လူဦးရေထူထပ်စွာ မှီတင်းနေထိုင်လျက်ရှိသော မြို့များကိုလည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးမှု အခြေခံကောင်းများတည်ရှိနေသော ဒေသများကိုလည်းကောင်း ဗဟိုပြု၍ ဆက်စပ်လျက်ရှိသည့် နယ်မြေအစိတ်အပိုင်းအားလုံး တစ်ဆက်တစ်စပ်တည်း လွှမ်းခြုံဖွံ့ဖြိုးလာစေရန် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုဟူ၍ သတ်မှတ် ဆောင်ရွက်နေသော်လည်း ဖွံ့ဖြိုးရေးစီမံကိန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ကွက်လပ်အဖြစ်ကျန်ရစ်ခဲ့သော ပြည်ထောင်စုနယ်မြေ အစိတ်အပိုင်းဟူ၍ မရှိအောင် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်စသည့် နယ်မြေဒေသအားလုံးသည်လည်း မိမိတို့ဆက်စပ်တည်ရှိနေသော ဒေသကြီးများအလိုက် ထူထောင်ပေးသော ဖွံ့ဖြိုးရေး စီမံကိန်းများကို မျှမျှတတခံစားနိုင်ရန် ယခုကဲ့သို့ ကွက်လပ်ဖြည့်ဆောင်ရွက်နေသော စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ပေးခြင်းဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် (၁၆-၁၂-၂၀၀၈) ရက်နေ့မှစတင်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)ကို ဖွင့်လှစ်ပေးခဲ့ပြီး လူသားအရင်းအမြစ်များ ပျိုးထောင်ပေးလျက်ရှိရာ A.G.T.I ပထမနှစ်တွင် (၆၃) ဦး၊ A.G.T.I ဒုတိယနှစ်တွင် (၃၂)ဦး၊ B. Tech ပထမနှစ်တွင် (၂၅)ဦး၊ စုစုပေါင်း (၁၂၀) ပညာသင်ကြားလျက်ရှိပါကြောင်း၊ B. Tech ဒုတိယနှစ်အောင်မြင်ပြီး B.E တက်ရောက်မည့်ကျောင်းသားများ သတ်မှတ်အရေအတွက် ရရှိလာပါက အစိုးရ နည်းပညာ ကောလိပ်အဆင့်မြှင့်တင်၍ B.E ၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

M.E သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ ကွန်ပျူတာဘာသာရပ်သင်ကြားလိုသူများ ရှိပါကလည်း ထိုကောလိပ်၌ I.T ဌာနပါရှိသဖြင့် ကွန်ပျူတာဘာသာရပ်သင်ယူနိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ အလားတူ စက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာကောလိပ်နှင့် နည်းပညာတက္ကသိုလ်များသို့ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာသင်ကြားလိုသော ကျောင်းသား အရေအတွက် စုဝေးတည်ရှိနေမှုအပေါ်မူတည်လျက် မျိုးဆက်သစ် သိပ္ပံနှင့်နည်းပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

အလွယ်တကူသယ်ယူနိုင်

လက်ရှိအချိန်တွင်လည်း ဝိဇ္ဇာသိပ္ပံပညာရပ်များ၊ အင်ဂျင်နီယာပညာနှင့် ကွန်ပျူတာပညာများ အလွယ်တကူသင်ယူနိုင်ရန် ကလေးမြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ချင်းပြည်နယ် (မြောက်ပိုင်း)မှ ကျောင်းသား(၃၁၈)ဦး၊ ကျောင်းသူ(၄၂၃)ဦး စုစုပေါင်း (၇၄၁) ဦးသည် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(ကလေး)၌လည်းကောင်း၊ ကျောင်းသား (၈၅)ဦး၊ ကျောင်းသူ (၅၆)ဦး စုစုပေါင်း(၁၄၁)ဦးသည် နည်းပညာတက္ကသိုလ် (ကလေး) ၌လည်းကောင်း၊ ကျောင်းသား(၆)ဦး၊ ကျောင်းသူ(၂)ဦး စုစုပေါင်း(၈)ဦးသည် ကွန်ပျူတာတက္ကသိုလ် (ကလေး)၌ လည်းကောင်း ပညာသင်ကြားလျက်ရှိပါကြောင်း၊ ချင်းပြည်နယ် (တောင်ပိုင်း)မှ ကျောင်းသား (၁၃၉)ဦး၊ ကျောင်းသူ(၈၇)ဦး စုစုပေါင်း (၂၂၆)ဦးသည် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (ပခုက္ကူ) ၌လည်းကောင်း၊ ကျောင်းသား (၃၀)၊ ကျောင်းသူ(၂၀) စုစုပေါင်း(၅၀) သည် နည်းပညာတက္ကသိုလ် (ပခုက္ကူ)၌ လည်းကောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက ဆွေးနွေးကြပြီး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ "မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန်" အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက ဆွေးနွေးကြသည်။

အတိအလင်းပြဋ္ဌာန်း

ရှေးဦးစွာ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်က မြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်သစ်တစ်ရပ်ကို စတင်ထူထောင်လျက်ရှိပြီး နိုင်ငံရေးစနစ်သစ်နှင့် လိုက်လျောညီထွေရှိသည့် ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးမည်ဖြစ်ကြောင်း ကမ္ဘာသိကြေညာပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌လည်း ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန် အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း။

ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးရာ၌ တိုင်းပြည်၏ ထုတ်လုပ်နိုင်စွမ်းအား၊ စားသုံးနိုင်စွမ်းအား တင်ပို့ရောင်းချနိုင်စွမ်းအား စသည့် အရေးပါလှသည့် အချက်အလက်ပေါင်းမြောက်မြားစွာ တွက်ချက်နိုင်ရန် တိုင်းပြည်၏ လူဦးရေစာရင်းကို ကျား၊ မ၊ အသက်အရွယ်၊ နေထိုင်ရာဒေသခွဲခြားပြီး မှန်ကန်တိကျသိရှိရန် လွန်စွာမှပင် အရေးကြီးပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံတစ်ဝန်း၌ တိုင်းရင်းသားများ ပျံ့နှံ့နေထိုင်ကြပုံ၊ ဒေသအလိုက် လူဦးရေသိပ်သည်းမှု၊ စိုက်ပျိုးထွက်ရှိမှုနှင့် စားရေရိက္ခာလုံလောက်မှုစသည်များအပြင် တိုင်းရင်းသားအသီးသီး၏ ကျန်းမာရေး၊ ပညာရေး၊ စာပေ၊ ရိုးရာယဉ်ကျေးမှုကိစ္စများနှင့် စီမံအုပ်ချုပ်ရေးကိစ္စများကိုပါ မှန်မှန်ကန်ကန် စီမံခန့်ခွဲလာနိုင်မည် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာ၌လည်း မဲဆန္ဒရှင်များစာရင်းကို အနီးကပ်ဆုံး မှန်မှန်ကန်ကန် ပြုစုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့သိရှိနေသည့်လူဦးရေစာရင်းမှာ ခန့်မှန်းစာရင်းသာ ဖြစ်နေပါကြောင်း၊ ထို့ကြောင့် မိုင်းပန်မြို့နယ်မှ ဦးထွန်းမြင့်ဦး၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဒေသအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် ပြည်သူအများ ပါဝင်ဆောင်ရွက်ရပါကြောင်း၊ ငွေအား၊ လူအား၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး စသည့် ဘက်ပေါင်းစုံက ပါဝင်ဆောင်ရွက်ကြရသည့်အတွက် လုံလောက်သော အချိန်အတိုင်းအတာတစ်ခု ရရှိရန် လိုအပ်ပါကြောင်း၊ အဆောတလျင် ဆောင်ရွက်ပါက တိကျမှန်ကန်သည့် စာရင်းကိုရရှိရန် ခက်ခဲမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအား အဆောတလျင်မဆောင်ရွက်သင့်ဘဲ အချိန်ယူဆောင်ရွက်သင့်သည်ဟု အကြံပြုတင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

မိုင်းယောင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကွန်ဟိန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဆွေးနွေးစဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေသည့် ယခုလက်ရှိအခြေအနေတွင် နိုင်ငံသားများ၏ လူဦးရေစာရင်း တိကျမှန်ကန်မှုသည် အလွန်အရေးပါသည့် အခန်းကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၃၃ ခုနှစ်၊ ၁၉၅၃ ခုနှစ်၊ ၁၉၆၃ ခုနှစ်၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်များတွင် သန်းခေါင်စာရင်း ကောက်ယူမှုများရှိခဲ့ပြီး ၁၉၈၃ နောက်ပိုင်း သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိတော့ပါကြောင်း။

မိမိ၏ စည်းရုံးရေးကာလအတွေ့အကြုံများအရ နိုင်ငံသားလူဦးရေစာရင်းအမှားများကို တွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက သန်းခေါင်စာရင်း စစ်တမ်းကောက်ယူခြင်းသည် နိုင်ငံတော်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်အတွင်းရှိ လူဦးရေကို တိတိကျကျ မှန်မှန်ကန်ကန်ရရှိခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသော အထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ပြန်လည်ရှင်းလင်း ဆွေးနွေးရာ သန်းခေါင်စာရင်းဆိုသည်မှာ လူတစ်ဦးနှင့်ပတ်သက်၍ သတ်မှတ်သော နယ်မြေဒေသတစ်ခုတွင် အချိန်တစ်ချိန်၌ တည်ရှိနေသော အကြောင်းအရာ အချက်အလက်များ မထင်မကျန်ရအောင် ကောက်ယူရခြင်းဖြစ်ရာ အောက်ပါအင်္ဂါရပ် (၄)မျိုးနှင့် ပြည့်စုံစေရန် လိုအပ်ပါကြောင်း-

(က) လူပုဂ္ဂိုလ် တစ်ဦးစီ၏ အကြောင်းရပ် များကို တသီးတခြား ကောက်ယူခြင်း (Individuality)

(ခ) စာ ရင်း ကောက် ကွက် အသီးသီးတွင် လူထပ်ခြင်းနှင့် လူကျန်ခြင်းမရှိရအောင် စာရင်းကောက်ယူခြင်း (Universality)

(ဂ) လူတစ်ဦးစီကို စာရင်းကောက်ရာမှာ သတ်မှတ်ထားသောနေ့နှင့် အချိန်၌ တည်ရှိနေသည့် အချက်များကိုသာ စာရင်းကောက်ယူခြင်း (Simultaneity)

(ဃ) သန်းခေါင်စာရင်း ကောက်ယူခြင်းကို (၅)နှစ်သို့မဟုတ် (၁၀)နှစ်ကာလလျှင် တစ်ကြိမ်ကျ မှန်မှန်ဆောင်ရွက်ခြင်း (Defined Periodicity)

သန်းခေါင်စာရင်း ဌာနသည် ၁၉၅၃ ခုနှစ်တွင် မြို့နယ် (၂၅၂) မြို့နယ်နှင့် ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စုပေါင်း (၂၁၄၃) အုပ်စုတို့၌ သန်းခေါင်စာရင်း ကောက်ယူခဲ့ပါကြောင်း။

၁၉၇၃ ခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းကိုပါ ပြုစုရရှိခဲ့ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရန်အတွက် ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ၁၉၇၂ ခုနှစ် ဧပြီလ (၂၂)ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း။

ဆောင်ရွက်ခဲ့

ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကို ၁၉၇၂ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး သန်းခေါင်စာရင်းထုတ်ယူရေး ပြင်ဆင်မှု လုပ်ငန်းများကို ပြင်ဆင်ချိန် (၁၃)လ ခန့်ယူပြီး ဆောင်ရွက်ခဲ့ရပါကြောင်း။

ဒုတိယအကြိမ် လူဦးရေသန်းခေါင်စာရင်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့ပါကြောင်း။

ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့် သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်ကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး သန်းခေါင်စာရင်း ကောက်ယူရေး ပြင်ဆင်မှုများကို ပြင်ဆင်ချိန် (၂)နှစ်ယူပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်း မပြုသည့် ကြားကာလများတွင် လူဦးရေစာရင်းကို ခန့်မှန်းတွက်ချက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးကို ကိုယ်စားပြုနိုင်သော လူဦးရေစစ်တမ်းများ၊ လူဦးရေစာရင်းများ၊ သန်းခေါင်စာရင်းငယ်များ ကောက်ယူခြင်း ပြုလုပ်ရပါကြောင်း။

ကောက်ယူခဲ့

၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူပြီး နောက်ပိုင်းနှစ်များတွင် သန်းခေါင်စာရင်းကို ဆက်လက်မကောက်ယူနိုင်ခဲ့သဖြင့် လူဦးရေ ခန့်မှန်းတွက်ချက်ရာတွင် အထောက်အကူပြုမည့် စစ်တမ်းများကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် ပူးပေါင်း၍ကောက်ယူခဲ့ပါကြောင်း၊ ယင်းသို့ ကောက်ယူခဲ့ရာမှာ ၁၉၉၁ ခုနှစ်၌ လူဦးရေပြောင်းလဲမှုနှင့် မွေးဖွားမှုစစ်တမ်း၊ ၁၉၉၇၊ ၂၀၀၁ နှင့် ၂၀၀၆ ခုနှစ်များ၌ မွေးဖွားမှုနှင့် မျိုးဆက်ပွားကျန်းမာရေး စစ်တမ်းများကို ကောက်ယူခဲ့ပါကြောင်း။

ထို့ပြင် ၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် မြေပြင်ရှိ လူဦးရေစာရင်းများ၏ မှန်ကန်တိကျမှုကို သိရှိရန်နှင့် လူဦးရေပြောင်းလဲမှု နှုန်းထားများကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် လူဦးရေစာရင်း ကောက်ယူခြင်းကို ၂၀၀၇ ခုနှစ်တွင် မြို့နယ် (၃၆) မြို့နယ်နှင့် ၂၀၀၈ ခုနှစ်တွင် မြို့နယ် (၃၆) မြို့နယ်တို့တွင် နမူနာကောက်ယူနည်းဖြင့် ကောက်ယူခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၃)ခုရှိ မြို့နယ် (၂၆) မြို့နယ်တွင် မြို့နယ်လုံးကျွတ် လူဦးရေ စာရင်းကို ကောက်ယူခဲ့ပါကြောင်း။

မြေပြင်ရှိ လူဦးရေစာရင်းများကို စဉ်ဆက်မပြတ် မှန်ကန်စွာရရှိနိုင်ရေးအတွက် အခြေခံဒေသ စာရင်းများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးမှ ရယူခဲ့ပါကြောင်း။

ပူးပေါင်းပါဝင်

၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်း အတွေ့အကြုံများအရ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် ပြင်ဆင်ချိန်မှာ အနည်းဆုံး (၂)နှစ်ခန့်ကြာမြင့်ခဲ့ပြီး သန်းခေါင်စာရင်း ကောက်ယူသည့်ကာလမှာ (၅) ရက်ကြာမြင့်ပါကြောင်း၊ စာရင်းဇယားများ ပြုစုခြင်းလုပ်ငန်းကိုလည်း (၂)နှစ်ခန့် အချိန်ယူ ဆောင်ရွက်ခဲ့ရပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ရာ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

သို့ပါ၍ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို သန်းခေါင်စာရင်းအင်္ဂါရပ် (၄)ရပ်နှင့်အညီ ကောက်ယူရန်မှာ ပြင်ဆင်ရန်အချိန်လိုအပ်ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနတစ်ခုတည်း အတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ သင့်လျော်သည့်အချိန်၌ နိုင်ငံတော်အစိုးရက ဦးစီး၍ အချိန်ယူ စီစဉ်ဆောင်ရွက်ရမည့် လုပ်ငန်းမျိုးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

သဘောပေါက်

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ အဆိုအပေါ် ဆွေးနွေးသူ (၃) ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာရှင်းလင်း ဆွေးနွေးပြီးဖြစ်သည့်အတွက် အားလုံးနားလည်သဘောပေါက်ကြပြီး ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ကိစ္စသည် ဆောင်ရွက်သင့်၊ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြင်ဆင်ပြီး အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်သည့်အတွက် သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ကြရမည်ဟု သဘောပေါက်ပါကြောင်း၊ ၄င်းအဆိုနှင့် ပတ်သက်၍ အချိန်ယူပြီး ဆက်လက်ဆောင်ရွက်သင့်သော ကိစ္စရပ်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် အဆိုပြုချက်အပေါ် အချိန်ယူဆောင်ရွက်သင့်သော အဆိုတစ်ရပ်ဖြစ်ကြောင်း လွှတ်တော်က အတည်ပြုကြေညာသည်။

(သတင်းစဉ်)

ပြန်လည် ရှင်းလင်း

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည် ရှင်းလင်း ဆွေးနွေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ကျောင်းသား (၂)ဦး၊ ကျောင်းသူ(၁)ဦး စုစုပေါင်း (၃)ဦးသည် ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ) ၌လည်းကောင်း ပညာသင်ကြားလျက် ရှိပါကြောင်း။

ချင်းပြည်နယ်အတွင်း မီးတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် ခေတ်မီဆေးဝါး ပစ္စည်းကိရိယာများကို အသုံးပြု၍ ကုထုံးနည်းစနစ်သစ်များဖြင့် ရောဂါရှာဖွေကုသရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုရရှိခံစားနိုင်စေရန်အတွက်လည်းကောင်း၊ ချင်းပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက်လည်းကောင်း ဆေးရုံပေါင်း(၂၄)ရုံ၊ လူနာခုတင်ပေါင်း(၉၉၀) ဖြင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး (၂)ရုံရှိပြီး ဟားခါးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ဖြစ်ပါကြောင်း၊ ခုတင် (၁၀၀) ဆံ့ပြည်သူ့ဆေးရုံကြီး (၂)ရုံရှိပြီး တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ မင်းတပ်မြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ ဖြစ်ပါကြောင်း၊ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံရှိပြီး မတူပီမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံဖြစ်ပါကြောင်း၊ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၄)ရုံရှိပြီး ထန်တလန်မြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ တွန်းဇံမြို့ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ ပလက်ဝမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၊ ကန်ပက်လက်မြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတို့ဖြစ်ပါကြောင်း၊ (၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၁၅) ရုံရှိပြီး ဆူရ်ခွားတိုက်နယ်ဆေးရုံ၊ တီဘွားလ် တိုက်နယ်ဆေးရုံ၊ ရိဒ်ခေါဒါရ်တိုက်နယ်ဆေးရုံ၊ လုမ်ဘန်းတိုက်နယ်ဆေးရုံ၊ တုတ်လှိုင်တိုက်နယ်ဆေးရုံ၊ လျှိုင်တီးတိုက်နယ်ဆေးရုံ၊ ထွီးထန်တိုက်နယ်ဆေးရုံ၊ မှောင်တလန်တိုက်နယ်ဆေးရုံ၊ လုံလဲရ်တိုက်နယ်ဆေးရုံ၊ ကျီခါးတိုက်နယ်ဆေးရုံ၊ ဝမ္မသူးတိုက်နယ်ဆေးရုံ၊ ရေဇွာတိုက်နယ်ဆေးရုံ၊ လိုင်လင်းပီတိုက်နယ်ဆေးရုံ၊ ဆမီးတိုက်နယ်ဆေးရုံ၊ ကျင်ဒွေးတိုက်နယ်ဆေးရုံတို့ ဖြစ်ပါကြောင်း။

ဖွင့်လှစ်ဆောင်ရွက်

အလားတူ ချင်းပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုတိုးတက် မြင့်မားစေရေးအတွက် ကျေးလက်ကျန်းမာရေးဌာန (၅၉)ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန(၉)ခု၊ တိုင်းရင်းဆေးကုဌာန (၈)ခု၊ သူနာပြု သင်တန်းကျောင်း (၁)ကျောင်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးများ ပိုင်းခြားသတ်မှတ် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ယင်းဒေသကြီးတစ်ခုစီအတွင်းတွင် ပါဝင်နေသည့် ဦးစားပေးနေရာဒေသများကို ဗဟိုချက်ပြု၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ပေးကာ ယင်းတည်ထောင်ထားရှိသော အခြေခံအဆောက်အအုံများအား ယင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး မျှဝေခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဗဟိုချက်နေရာများမှ တစ်ဆင့် ဆက်စပ်လျက်ရှိသော အစိတ်အပိုင်းအားလုံး ဆက်စပ်တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်ကို ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လူဦးရေသိပ်သည်းမှုမှာ သဘာဝပထဝီ အနေအထားအရ နေရာအနှံ့ ပြန့်ကျဲတည်ရှိနေသဖြင့် ဖွံ့ဖြိုးရေးဒေသ (၁)ခုဟူ၍ သတ်မှတ်ခြင်းမပြုဘဲ ချင်းပြည်နယ်တစ်ခုလုံးအတွက် ဆက်စပ်တည်ရှိနေမှုအပေါ် မူတည်၍ ဖွံ့ဖြိုးရေးပြည်ထောင်စုနယ်မြေကြီး အဖြစ်သတ်မှတ်၍ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ပြည်နယ်တစ်ခုလုံးလွှမ်းခြုံ

သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု ပိုင်းခြားသတ်မှတ်ရာတွင် ချင်းပြည်နယ်ဟူ၍ သီးခြားအမည်နာမ ပါဝင်ခြင်း မရှိသော်လည်း ကျန်းမာရေးကဏ္ဍအနေဖြင့် ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံသလောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်နယ်တစ်ခုလုံး ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်မားလာပြီး သင့်တင့်သော အခြေအနေရောက်ရှိလာသည်နှင့်အမျှ ပညာရေးကဏ္ဍကိုလည်း ပိုမိုဖြည့်ဆည်းသွားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ယနေ့ပြည်သူ့လွှတ်...
ဦးခင်မောင်...
လွှတ်တော်ကိုယ်...
ပညာရေးဝန်ကြီးဌာနဝန်...

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ "မြန်မာနိုင်ငံတွင် ၁၀၀ ရာခိုင်နှုန်း စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ပညာရေးစနစ် (Duty to Educated Children) အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံးပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့်မူဝါဒများ ရရှိရေး" အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က အခမဲ့မသင်မနေရ မူလတန်း ပညာရေးစနစ်ဖော်ဆောင်မှုကို ကမ္ဘာ့နိုင်ငံအများစုတွင် လုပ်ဆောင်လျက်ရှိသော်လည်း အပြည့်အဝ အကောင်အထည်ဖော်ရာ၌ အခက်အခဲများစွာ တွေ့ကြုံနေကြရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကျောင်းများဖွင့်တိုင်း မူလတန်းကလေးများ ရာနှုန်းပြည့်ကျောင်းအပ်နှံရေးနှိုးဆော်ခြင်း၊ အခက်အခဲရှိသူများကို ဗလာစာအုပ်၊ ပြဋ္ဌာန်းစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ စာရေးကိရိယာ အစရှိသည်များ ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် တာဝန်ရှိသူများက ဆွေးနွေး ခေါ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမှာ

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက ဆွေးနွေးကြပြီး

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ "မြန်မာနိုင်ငံတွင် ၁၀၀ ရာခိုင်နှုန်း စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်အထိ မသင်မနေရ အခမဲ့ပညာရေးစနစ် (Duty to Educated Children) အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံးပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့်မူဝါဒများ ရရှိရေး" အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က အခမဲ့မသင်မနေရ မူလတန်း ပညာရေးစနစ်ဖော်ဆောင်မှုကို ကမ္ဘာ့နိုင်ငံအများစုတွင် လုပ်ဆောင်လျက်ရှိသော်လည်း အပြည့်အဝ အကောင်အထည်ဖော်ရာ၌ အခက်အခဲများစွာ တွေ့ကြုံနေကြရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကျောင်းများဖွင့်တိုင်း မူလတန်းကလေးများ ရာနှုန်းပြည့်ကျောင်းအပ်နှံရေးနှိုးဆော်ခြင်း၊ အခက်အခဲရှိသူများကို ဗလာစာအုပ်၊ ပြဋ္ဌာန်းစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ စာရေးကိရိယာ အစရှိသည်များ ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် တာဝန်ရှိသူများက ဆွေးနွေး ခေါ်ယူခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမှာ ဖြစ်ပါကြောင်း၊ သို့သော် မူလတန်းကျောင်းနေအရွယ် ကလေးများ ကျောင်းစာသင်ခန်းအတွင်း ရောက်လာရေးမှာ ကန့်သတ်ချက်များရှိနေပါကြောင်း၊ အချို့မိဘများအနေဖြင့် ကလေးကို ကျောင်းအပ်မည့်အစား နိုင်ရာဝန် ထမ်းစေလိုမှု၊ အသုံးချလိုမှုများရှိနေသည်ကိုလည်း သုံးသပ်တွေ့ရှိရပါကြောင်း။

လေ့လာမိသလောက် ဂရိတ်ဗြိတိန်ကဲ့သို့ နိုင်ငံကြီးများမှာပင် အခမဲ့မသင်မနေရ မူလတန်းပညာရေးအဆင့်က မတက်နိုင်သေးပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပထမအဆင့်ကို ပိုင်ပိုင်နိုင်နိုင်ရှိပြီးမှသာ

လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒုတိယအဆင့်ကို တက်စေချင်ပါကြောင်း၊ ငွေကြေးကျခံနိုင်တိုင်း၊ စေတနာရှိတိုင်း ပြီးမြောက်နိုင်မည့် ကိစ္စမျိုးမဟုတ်ဘဲ စီးပွားရေးဖွံ့ဖြိုးပြီး လူနေမှုအဆင့်မြင့်သထက် မြင့်လာမှသာ လိုက်ပါ တိုးတက်လာမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

ဒုတိယပိုင်းဖြစ်သည့် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ဆိုရာ၌ မြန်မာနိုင်ငံမှ အောင်လက်မှတ်ကို လက်ခံသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ ထို့ပြင် လက်မခံသည့်နိုင်ငံများက ကျင်းပသည့် စာမေးပွဲများတွင်လည်း မြန်မာကျောင်းသားများ မြောက်မြားစွာ အောင်မြင်နေကြပါကြောင်း၊ ထို့ပြင် နိုင်ငံခြားကျောင်းများနှင့် ဆက်ထားသည့် ပုဂ္ဂလိကကျောင်းများလည်း အများကြီးရှိနေပြီဆိုသည်ကို ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်သံကြော်ငြာများ၌ တွေ့နေရပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်မည်ဆိုလျှင် အခမဲ့စနစ်ဖြစ်မှသာ လက်တွေ့ကျမည် ဖြစ်ပါကြောင်း၊ "နိုင်ငံတော်၏ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" ဟူသော ကြွေးကြော်ချက်အတိုင်း တိုးတက်သောနိုင်ငံတစ်ခုဖြစ်ရန်မှာ ပညာရေးကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မူလတန်းပြီးလျှင် ကလေးသူငယ်များ ကျောင်းထွက်နှုန်းမြင့်မားနေကြောင်း လေ့လာတွေ့ရှိရသည့်အတွက် အလယ်တန်းအဆင့်ထိ အခမဲ့ မသင်မနေရ ပညာရေးစနစ် ကျင့်သုံးခြင်းကို မဖြစ်မနေ ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက် သွားသင့်ပါကြောင်း၊ ကျောင်းသားလူငယ်များ အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့်ပညာရေးများကို တက်လှမ်းနိုင်ရေးအတွက် အလယ်တန်းပညာရေးမှာ လွန်စွာ အရေးကြီးပါကြောင်း။

နိုင်ငံတော်၏ ကျောင်းအပ်နှံရေး အစီအစဉ်များအရ မြန်မာပြည်၏ စာတတ်မြောက်မှုနှုန်း မြင့်မားလာသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါကြောင်း၊ သို့သော် မူလတန်းအဆင့် ပညာရေးသည် လူငယ်များ၏ တွေးခေါ်မြော်မြင်နိုင်မှုကို သင်ကြားမပေးနိုင်သောကြောင့် ပညာတတ်သည်ဟု မဆိုနိုင်သေးပါကြောင်း၊ အနည်းဆုံး အလယ်တန်းပညာရေး သင်ကြားမှုသာ တွေးခေါ်နိုင်မှု စွမ်းရည်ကို သင်ကြားခွင့်ရမည် ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံပေါင်းများစွာတို့၌ မသင်မနေရပညာရေးစနစ်ကို တိုးချဲ့လုပ်ကိုင်လျက်ရှိပြီး အားလုံးနီးပါး ကောင်းစွာအကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိနေရပါကြောင်း၊ ဥပမာ- အိန္ဒိယတွင် အသက် (၆)နှစ်မှ (၁၄)နှစ်ထိ မသင်မနေရ အခမဲ့ပညာရေး၊ တရုတ်နိုင်ငံတွင် မူလတန်းနှင့် အလယ်တန်း မသင်မနေရ ပညာရေး၊ ရုရှားတွင် ပညာသင်နှစ်(၁၁)နှစ်ထိ မသင်မနေရ ပညာရေးတို့ဖြစ်ပါကြောင်း။

ထို့ပြင် ကမ္ဘာ့အဆင့်မီ ပညာရေးများရရှိနိုင်ရေးအတွက် နိုင်ငံတကာအဆင့်ရှိ တက္ကသိုလ်ကျောင်းများ လာရောက်ဖွင့်လှစ်သင်ကြားခွင့်ပြုရေး၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်ရှိစေရေးနှင့် နိုင်ငံတကာတက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်နိုင်သည့် အဆင့်မီစာမေးပွဲ စနစ်များထားရှိသင့်ပါကြောင်း၊ ထို့ကြောင့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက ပညာမြင့်မှ လူမျိုးတင့်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ ကလေးသူငယ်တို့၏ ပညာရေးကို မြှင့်တင်နိုင်မှသာ မြန်မာလူမျိုးများ၏ အနာဂတ်ဘဝမှာ တင့်တယ်ဝင့်ထည် နိုင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာ၌ ကလေးများ၊ လူငယ်များ၏ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်း ဖွံ့ဖြိုးရေးကို အဓိကရည်ရွယ်မြှင့်တင် ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း။

နိုင်ငံတကာ စံနှုန်းနှင့်အညီ သင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိရေး၊ အဆင့်မီပညာရေးစနစ် ဖြစ်စေရေးတို့အတွက် လိုအပ်သည့်

ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ဌေး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးဆုံးအိမ်နီးချင်း ထိုင်းနိုင်ငံတွင် အစိုးရကျောင်းများသည် ကလေးတိုင်းအတွက် အခမဲ့ပညာသင်စနစ်ဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံ ပညာရေးစနစ်သည်လည်း ကျောင်းသင်ရိုးများ၏ ရည်ရွယ်ချက်များ ကောင်းမွန်သည့်အတွက် အရည်အသွေးရှိသည့် မျိုးဆက်သစ်များ ရနိုင်ခြေများပါကြောင်း၊ နိုင်ငံတကာတွင်လည်း အခြေခံပညာရေးအားလုံးသည် အခမဲ့ပညာရေးစနစ်ဖြစ်ပါကြောင်း၊ ထို့ပြင် ကလေးစာပေသည် ကလေးများ၏ ဉာဏ်ရည်နှင့် စာရိတ္တဖွံ့ဖြိုးရေးအတွက် အလွန် လိုအပ်သည့် သင်ထောက်ကူပစ္စည်းတစ်မျိုး ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးစာပေထွန်းကားရေးနှင့်အတူ ကလေးများ စာဖတ်ကျင့်ရလာအောင် လေ့ကျင့်ပေးခြင်းသည်လည်း ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ခွင့်ကို တတ်နိုင်သလောက် ဖန်တီးပေးရာ ရောက်စေပါကြောင်း၊ မြန်မာကျောင်းသား လူငယ်များကို ယခုထက် ပိုမိုအရည်အချင်းမြင့်မားသော ပညာတတ်လူငယ်များ ဖြစ်ပေါ်လာစေရေးအတွက် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဌေးက နိုင်ငံတော်အနေဖြင့် အမျိုးသား ပညာရည်မြင့်မားရေးအတွက် အမျိုးသားပညာရေး ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ကာလတို၊ ကာလရှည် ပညာရည်မြှင့်တင်ရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေသည်ကို ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီး ဖြစ်ပါကြောင်း။

ယနေ့ပညာရေးနှင့်ပတ်သက်ပြီး ကမ္ဘာ့ထောင်စုနှစ် ရည်မှန်းချက် (Millinium Development Goal) ကို လေ့လာကြည့်ပါက နိုင်ငံတိုင်း ၂၀၁၅ ခုနှစ်တွင် မူလတန်းပညာပြီးမြောက်ရေး(Universal Primary Education) အတွက် ရည်မှန်းချက် ချမှတ် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ လက်ရှိ နိုင်ငံတကာ ပညာရေးအခြေအနေနှင့် ကိုက်ညီမှုရှိစေရေးအတွက် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ)တွင် နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်ဟူ၍ ပြဋ္ဌာန်းချမှတ်ထားသည်ကို လေ့လာ သိရှိရပါကြောင်း။

ထို့ကြောင့် ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ အဆိုပြုချက်သည် နိုင်ငံတော်အတွင်း သင့်လျော်သည့် အချိန်တစ်ချိန်၌ ဆောင်ရွက်ရမည် ဖြစ်သော်လည်း လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ကမ္ဘာနှင့်အဝှမ်း နိုင်ငံတိုင်းတွင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်နေသည့်အတွက် မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒစောလွန်းရာ ရောက်နေသည်ဟု သုံးသပ်မိပါကြောင်း။

ဒုတိယ တင်ပြချက်ဖြစ်သည့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကိုအစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ (၂)ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများရရှိရေး အဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြရလျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ တက္ကသိုလ်များနှင့် စံချိန်၊ စံညွှန်း ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများ ချမှတ်သင်ကြားရေးအတွက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် တက္ကသိုလ်များ ဗဟိုကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတက္ကသိုလ်များ ကွန်ရက် Asean Universities Net-work(AUN) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဆီယံဒေသတွင်း တက္ကသိုလ်များနှင့် အပြန်အလှန် အသိအမှတ်ပြု သဘောတူညီချက် Mutual Recognition Agreement (MRA) အရ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

အကျိုးကျေးဇူးအားဖြင့် မိမိနိုင်ငံရှိ တက္ကသိုလ်များမှ ဘွဲ့ရကျောင်းသားကျောင်းသူများအား နိုင်ငံတကာမှ အသိအမှတ်ပြုခြင်းခံရပြီး နိုင်ငံတကာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါကြောင်း၊ ဆက်လက်ပြီး အာဆီယံဒေသတွင်း တက္ကသိုလ်များနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အပြန်အလှန်လဲလှယ်ပညာသင်ကြားခြင်းအစီအစဉ် (Students & Staffs Mobility) များ ရှိလာမည် ဖြစ်သည့်အတွက် ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အင်္ဂလန်၊ ဂျာမနီ၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ စသည့် နိုင်ငံများရှိ နိုင်ငံတကာတက္ကသိုလ်များမှ အပြန်အလှန် အသိအမှတ်ပြု ပညာရေးပူးပေါင်းဆောင်ရွက်ရေး ကမ်းလှမ်းမှုများ ရှိနေသည်ဟုလည်း သိရှိရပါကြောင်း။

ယခုအခါ နိုင်ငံအတွင်း ပုဂ္ဂလိကက ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ခွင့်ပြုထားပြီး နိုင်ငံတကာ တက္ကသိုလ်များ၏ ဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိသည့်အတွက် မြန်မာနိုင်ငံ၏ လက်ရှိ ပညာရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များသည် များစွာ အားရကျေနပ်ဖွယ်ကောင်းနေသည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည် တင်ပြခဲ့သည့် အဆိုအပေါ် လက်ရှိ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပြီး၊ ဆောင်ရွက်လျက်ရှိနေသည့် အတွက် ဆက်လက်ဆွေးနွေးရန် မလိုအပ်ဟု ယူဆပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းက **၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော နိုင်ငံပေါင်း (၁၈၉) နိုင်ငံ တက်ရောက်ခဲ့သည့် ကုလသမဂ္ဂထောင်စုနှစ် ထိပ်သီးအစည်းအဝေး (United Nations Millennium Summit) တွင် ထောင်စုနှစ် ရည်မှန်းချက် (၈)ရပ်ကို တညီတညွတ်တည်း ချမှတ်ခဲ့ရာ ပညာရေးကဏ္ဍအတွက် ထောင်စုနှစ် ရည်မှန်းချက် (၂)ရပ် ပါရှိခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍ ထောင်စုနှစ်ရည်မှန်းချက် တစ်ခုမှာ ကျောင်းနေအရွယ်ကလေးများ မူလတန်းအဆင့် သင်ယူပြီးမြောက်ရေး (Universal Primary Education) ဖြစ်ပါကြောင်း၊ သက္ကရာဇ် ၂၀၁၅ ခုတွင် ပြီးမြောက်အောင် ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။**

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ)အရ အခမဲ့မသင်မနေရ မူလတန်းပညာရေး စနစ် ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကဏ္ဍ အနှစ် (၃၀) နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်(၂) အရလည်း နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေးကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် မူလတန်းအဆင့်ကျောင်းသား (၅.၁၅)သန်းကျော်သည် အခမဲ့ မူလတန်းပညာရေးစနစ်၏ အကျိုးကျေးဇူးခံစားလျက်ရှိရာ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက် (United Nations Millennium Development Goal)အရလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ) အရလည်းကောင်း၊ ပညာရေးကဏ္ဍ အနှစ် (၃၀) နှစ်ရှည်စီမံကိန်းနှင့် လည်းကောင်း ကိုက်ညီမှုရှိသော အခမဲ့မူလတန်း ပညာရေးအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ကျောင်းနေအရွယ်ကလေးတိုင်း မသင်မနေရ မူလတန်းပညာရေးစနစ် ပြီးမြောက် အောင်မြင်ပြီးချိန်ကျမှသာ အလယ်တန်းအဆင့်အထိ မသင်မနေရ ပညာရေးစနစ်ကို တိုးမြှင့်ပြဋ္ဌာန်း သင့်ပါကြောင်းနှင့် အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် အနှစ် (၃၀) နှစ်ရှည်စီမံကိန်းတွင် စနစ်တကျ စီမံထားရှိပြီးဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသား ပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည် စီမံကိန်း လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖြစ်ထွန်းရေးအတွက် အောက်ပါအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါကြောင်း-

(က) မြန်မာနိုင်ငံ ပညာရေးကော်မတီအား နိုင်ငံတော်အဆင့် ဖွဲ့စည်းထားရှိပြီး အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒများကို ချမှတ်ပေးလျက်ရှိပါကြောင်း၊ အဖွဲ့ဝင်များအဖြစ် တက္ကသိုလ်များ ဖွင့်လှစ်ထားသော ဝန်ကြီးဌာနများမှ ဝန်ကြီးများ ပါဝင်ပါကြောင်း။

(ခ) ထိုမူဝါဒ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန အဆင့်တွင် အဆင့်မြင့် ပညာကဏ္ဍ၌ တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီနှင့် တက္ကသိုလ်များ ဗဟိုကောင်စီတို့ကို ဖွဲ့စည်းထားပါကြောင်း၊ အဖွဲ့ဝင်များအဖြစ် တက္ကသိုလ်များ ဖွင့်လှစ်ထားသော ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြင်ပ ပညာရှင်ကြီးများ ပါဝင်ဖွဲ့စည်းထားပြီး တက္ကသိုလ်များ၏ စီမံခန့်ခွဲရေးနှင့် သင်ကြားရေး၊ သုတေသနပြုရေးကိစ္စများကို အရည်အသွေး မြင့်မားစွာ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊

(ဂ) တက္ကသိုလ် အဆင့်တွင် တက္ကသိုလ်များမှ ပညာရှင်များနှင့် ပြင်ပ ပညာရှင်ကြီးများ ပါဝင်သော တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရေးအဖွဲ့ တို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အနှစ် (၃၀) နှစ်ရှည်စီမံကိန်း အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းစဉ် (၂၃)၊ (၂၄) နှင့် (၃၂)တို့အရ တက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာ အဆင့်မီရေးအတွက် တက္ကသိုလ်တိုင်းတွင် Curriculum Development Team-CDT များ ဖွဲ့စည်းပြီး ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ပြင်ပ ပညာရှင်ကြီးများ ပါဝင်လျက် နိုင်ငံတကာ သင်ရိုးနှင့် မိမိတက္ကသိုလ်သင်ရိုးတို့ကို စဉ်ဆက်မပြတ် နှိုင်းယှဉ်သုံးသပ်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း။

(ဃ) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပြန့်ပွားတိုးတက်ရေးနှင့် ကျွမ်းကျင်မှုဗဟုသုတများ တိုးတက်ရေးအတွက်လည်း ဝါရင့်ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်ကြီးများ ပါဝင်သည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

(င) နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု များနှင့် ပတ်သက်၍ အာဆီယံ တက္ကသိုလ်များ ကွန်ရက် (ASEAN University Network-AUN) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ပူးပေါင်း ဆောင်ရွက်ခြင်း၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန် နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကိုရီးယားသမ္မတ

စာမျက်နှာ ၁၀ ကော်လံ ၁

အဆိုအပေါ် ဆွေးနွေးသူ (၃) ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာရှင်းလင်း ဆွေးနွေးပြီးဖြစ်သည့်အတွက် အားလုံးနားလည်သဘောပေါက်ကြပြီး ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ကိစ္စသည် ဆောင်ရွက်သင့်၊ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြင်ဆင်ပြီး အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းရပ်ဖြစ်သည့်အတွက် သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ကြရမည်ဟု သဘောပေါက်ပါကြောင်း၊ ၎င်းအဆိုနှင့် ပတ်သက်၍ အချိန်ယူပြီး ဆက်လက်ဆောင်ရွက်သင့်သော ကိစ္စရပ်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် အဆိုပြုချက်အပေါ် အချိန်ယူဆောင်ရွက်သင့်သော အဆိုတစ်ရပ်ဖြစ်ကြောင်း လွှတ်တော်က အတည်ပြုကြောင်းသည်။

(သတင်းစဉ်)

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်က ဆွေးနွေးပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေး

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ "လက်ရှိလစာနှုန်းထားမမီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန်" အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်က ဆွေးနွေးရာတွင် လစာဟောင်းဖြင့် အငြိမ်းစားယူသော ဝန်ထမ်းများ၏လစာနှင့် လစာသစ်ဖြင့် အငြိမ်းစားယူသော ဝန်ထမ်းများ၏ လစာများသည် များစွာ ကွာဟနေပါကြောင်း၊ နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ်နောက်ပိုင်း ဝန်ထမ်းများ၏လစာကို အလီလီတိုးပေးလိုက်သည့်အခါတိုင်း လစာဟောင်း အငြိမ်းစားဝန်ထမ်းများအတွက် ရာဂဏန်းနှင့် ထောင်ဂဏန်းမျှသာ ရရှိသဖြင့် လစာဟောင်း အငြိမ်းစားဝန်ထမ်းတစ်ဦးအတွက် စားဝတ်နေမှု မဖူလုံသည်မှာ မှန်ကန်ပါကြောင်း၊ သို့သော် လစာ(သို့မဟုတ်) ပင်စင်တိုးမြှင့်ရန်အတွက် ယခုလောလောဆယ် လွယ်လွယ်နှင့် ဆုံးဖြတ်၍ မရပါကြောင်း၊ တိုးပေးသင့်၍ တိုးပေးပြန်လျှင်လည်း ကုန်ဈေးနှုန်းပါမြင့်ပြီး ပင်စင်သမားအတွက် အကျိုးခံစားရမည် မဟုတ်ပါကြောင်း။

ကူညီဆောင်ရွက်

အဓိက လိုအပ်ချက်အနေဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု မြင့်မားလာမှ နိုင်ငံတော်ကြွယ်ဝချမ်းသာလာပြီး နိုင်ငံတော် ကြွယ်ဝချမ်းသာမှ စောင့်ရှောက်ရမည့်သူများကို ကောင်းစွာစောင့်ရှောက်နိုင်မည်ဖြစ်၍ တိုးမြှင့်ပေးသည့် လစာအပေါ်တွင် အပြည့်အဝ ခံစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပထမကုန်ထုတ်လုပ်မှု မြင့်မားအောင် ဦးစားပေးပြီး ပြည်သူတစ်ဦးချင်းစီကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယခု ဝန်ထမ်းဟောင်းများ၏ လစာ/အငြိမ်းစားလစာကို တိုးမြှင့်ပေးရေးကိစ္စသည် နိုင်ငံတော်၏ လက်ရှိဘဏ္ဍာရေးအခြေအနေအရလည်းကောင်း၊ အငြိမ်းစားဝန်ထမ်းဟောင်းများ၏ စာရင်းပြုစုရာတွင် တိကျသော စာရင်းရရှိနိုင်ရန် ခက်ခဲမှုရှိနေသည့်အတွက် လည်းကောင်း၊ လစာတိုးမြှင့်သတ်မှတ်ခြင်း၏ နောက်ဆက်တွဲဖြစ်သော ငွေကြေးဖောင်းပွမှု အကျိုးဆက်များကို ထည့်သွင်းစဉ်းစားရသည့်အတွက်လည်းကောင်း လောလောဆယ်ကာလတွင် ဖြစ်နိုင်ခြေ မရှိသေးသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်သည့်

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အချိန်တွင် "နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်သည် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းရမည်" ဟု ဖော်ပြထားသည့်အတိုင်း လစာဟောင်းဝန်ထမ်းများ မျှော်လင့်တောင့်တနေသည့် လစာသစ်ကို အခြေခံဥပဒေနှင့်အညီ အချိန်အခါအရ ထိုက်သင့်သည့် အချိန်တွင် ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်ထံမှ ရလိုမှုတစ်ခုအတွက် အတင်းအကျပ် တောင်းဆို၍ မရနိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ခံစားခွင့်ပြု

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းဝင်းမောင်၏ ရှင်းလင်းဆွေးနွေးချက်သည်လည်း ပြည့်စုံ၊ သဘာဝကျသည့် ဆွေးနွေးချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ပင်စင်စနစ်သည် အငြိမ်းစားဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခံစားခွင့်ပြုနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပင်စင်စနစ်သည် အခြားနိုင်ငံများကဲ့သို့ ဝန်ထမ်း၏လစာ ထည့်ဝင်ကြေးစုဆောင်းငွေအပေါ်တွင် ခွင့်ပြုခြင်း မဟုတ်ဘဲ နိုင်ငံတော် ဘတ်ဂျက်မှ တာဝန်ယူကျခံပြီး ဝန်ထမ်း၏ လုပ်သက်အပေါ်တွင် ခံစားခွင့်ပြုသည့် ပင်စင်စနစ်ဖြစ်ပါကြောင်း။

ပင်စင်စနစ်နှင့်ပတ်သက်၍ နှစ်အဆက်ဆက်ဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များကို နှစ်အလိုက် ပြင်ဆင်တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ၁၉၅၆ ခုနှစ်တွင် ဝန်ထမ်းပင်စင်သာမက မိသားစုပင်စင်ကိုပါ ခံစားခွင့်ပြုခြင်း၊ ၁၉၇၃ ခုနှစ်တွင် မူလပင်စင်ခံစားခွင့်ရှိသော လုပ်သက်ကို နှစ်(၃၀) အစား (၄၂)နှစ်အထိ တိုးမြှင့်ပေးခြင်းနှင့် မိသားစုပင်စင်သက်တမ်းကာလ (၁၀)နှစ်မှ (၁၅)နှစ်အထိ တိုးမြှင့်ပေးခြင်း၊ ၁၉၇၇ ခုနှစ်တွင် ပင်စင်လစာအပေါ် နိုင်ငံတော်၏ လိုအပ်ချက်အရ ယာယီရှားပါးစရိတ် ခွင့်ပြုပေးခြင်း၊ ၁၉၈၈ ခုနှစ်တွင် ပင်စင်လစာအပေါ် အပိုထောက်ပံ့ကြေး ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တိုးမြှင့်ပေး

၁၉၈၉ ခုနှစ်တွင် မူရင်းပင်စင်အပေါ် ယာယီဆောင်းငွေနှင့် အပိုထောက်ပံ့ကြေးကိုပေါင်း၍ ပင်စင်လစာအဖြစ် တိုးမြှင့်သတ်မှတ်ပေးသည့်အပြင် ပင်စင်လစာငွေကျပ် (၆၀၀)ထက်မပိုရဟူသော မူကို ပယ်ဖျက်ပေးခြင်း၊ ၁၉၉၃ ခုနှစ်တွင် ပင်စင်လစာအား လိုအပ်ချက်အရ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ခွင့်ပြုပေးခြင်း၊ ၁၉၉၄ ခုနှစ်တွင် မိသားစုပင်စင်ကို ဝန်ထမ်းပင်စင်လစာ၏ ထက်ဝက်အစား လေးပုံသုံးပုံအထိ တိုးမြှင့်ပေးခြင်းနှင့် ဇနီး/ခင်ပွန်းတို့အတွက် ယခင်ခံစားခွင့် (၁၅)နှစ်အထိအစား ကွယ်လွန်သည့်နေ့အထိ ခံစားခွင့်တိုးမြှင့်ပေးခြင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ပင်စင်လစာများ (၂)ဆ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လောလောဆယ် အငြိမ်းစားလစာ တိုးမြှင့်ပေးခြင်းကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေ၊ ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးများကို အခြေခံ၍ စဉ်းစားဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

တင်ပြ

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွန်ခဲန်းက မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းပေးစေလိုပါကြောင်းတင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏ အဆိုကို ပြန်လည်ရုပ်သိမ်းလိုခြင်း တင်ပြချက်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း၏ အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစရှိသည့် နိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ သုတေသနပူးပေါင်း ဆောင်ရွက်ခြင်း၊ သုတေသနဌာနနှင့် သင်ကြားရေးဌာနများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ ဧည့်ပါမောက္ခများ လာရောက်ပို့ချခြင်းနှင့် ပါရဂူဘွဲ့ ကျမ်းများ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပညာသင်များ စေလွှတ်ခြင်းစသည့် လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိပါကြောင်း။

(စ) အခြေခံပညာကဏ္ဍတွင် လည်း အခြေခံပညာရေးကောင်စီကို ဖွဲ့စည်းထားရှိပြီး ပညာရေးဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန် ကြား ရေး မှူး ချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြင်ပပညာရှင်ကြီးများပါဝင်လျက် အခြေခံပညာရေး အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနှစ်(၃၀)နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်(၃)အရ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အခြေခံပညာနှင့် အဆင့်မြင့်ပညာဌာနများမှ တာဝန်ရှိသူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာ အဆင့်မီမြှင့်တင်ရေးဆွဲ သင်ကြားပေးလျက်ရှိသည့်အပြင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ပူးပေါင်း၍ ဘက်စုံ ပညာအရည်အသွေးပြည့်ဝရေး လုပ်ငန်းစီမံချက်ကြီး (Comprehensive Quality Education Programme - CQEP) ၏ အောက်တွင် မူလတန်းကြို အရွယ် ကလေးများ ပြုစုစောင့်ရှောက်ရေး စီမံချက် (Early Childhood Care Development Project-ECD)၊ အရည်အသွေးပြည့်ဝသော အခြေခံပညာရေးစီမံချက် (Quality Basic Education Project-QBE) နှင့် ဘဝတွက်တာ ကျွမ်းကျင်စရာပညာရေးစီမံချက် (Life Skills Education Project-LSE)တို့ကို နိုင်ငံတကာကျွမ်းကျင် ပညာရှင်များနှင့် အတူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဂျပန်နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency-JICA) နှင့် ပူးပေါင်း၍ နိုင်ငံတကာပညာရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ဂျပန်ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလျက် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုမြှင့်တင်ရေး စီမံချက် (Strengthening Child Centered Approach Project-SCCA) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thai International Cooperation Agency TICA) နှင့် ကိုရီးယား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Korea International Cooperation Agency-KOICA)တို့နှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီသင်ကြားမှု အစီအစဉ်များ၊ စစ်ဆေးတိုင်းတာမှု အစီအစဉ်များနှင့် ဆရာများ၏ အရည်အသွေးမြင့်မားရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖော်ပြပါ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းအဆင့်ဆင့်ကို တာဝန်ရှိ အဖွဲ့အစည်း အဆင့်ဆင့်မှ ပညာရှင်များပါဝင်သော အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပ ဆောင်ရွက်ပြီး ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို ပုံမှန်ပြန်လည်စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည့်အပြင် ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်နိုင်ရေး အစီအမံများ ထားရှိပြီး ဖြစ်ပါကြောင်း၊ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ အဆိုပြု တင်ပြချက်များသည် ပညာရေးဝန်ကြီးဌာနက စီမံချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်ပြီး ထိရောက်စွာ ဖော်ဆောင်နေသောလုပ်ငန်းများ ဖြစ်နေပါသောကြောင့် ယင်းအဆိုကို သီးခြားထပ်မံဆွေးနွေးရန် မလိုတော့ဟု ယူဆပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ အဆိုအပေါ် ဆွေးနွေးသူ (၄)ဦးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးသွားသည့်အတွက် ဗဟုသုတများစွာ ရရှိပြီး အားလုံးနားလည် သဘောပေါက်ကြပြီ ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးချက်များအပေါ် ကျေးဇူးတင် မှတ်တမ်းတင်ပါကြောင်း၊ ဆွေးနွေးချက်များအရ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက စနစ်တကျဆောင်ရွက်ပြီး၊ ဆောင်ရွက်လျက်ရှိသည့် အနေအထားကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ အဆိုပါ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

တင်ပြ

ထို့နောက် အဆိုတင်သွင်းခဲ့သည့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်က ယနေ့မိမိအဆိုနှင့်စပ်လျဉ်းပြီး အပြန်အလှန် ဆွေးနွေး ရှင်းလင်းတင်ပြသွားမှုများအတွက် လေးစားစွာ ကျေးဇူးတင်ပါကြောင်း၊ မိမိ အဆိုပါ အပိုင်း (၂)ပိုင်း စလုံးအပေါ် ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လက်ခံနိုင်ပါကြောင်း၊ သို့ပါ၍ မိမိ၏အဆိုကို ထပ်မံတင်သွင်းရန် မလိုတော့ပါကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏ အဆိုကို ထပ်မံတင်သွင်းရန် မလိုတော့ပါကြောင်း တင်ပြခြင်းအပေါ် လွှတ်တော်က သဘောတူသည့်အတွက် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ အဆိုကို ဆက်လက်ဆောင်ရွက်ရန် မလိုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

နိုင်ငံတကာလေကြောင်းလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၅

နိုင်ငံတကာ လေကြောင်းလိုင်းများ၊ Hotel များ၊ သင်္ဘောလိုင်း များတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ် အသစ်ကို မတ်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality(UK) နှင့် Educational Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေး

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၅၀၂၀၃၀၂ နှင့် ၀၁-၅၂၃၆၂၃ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လယ်ယာ သန်းခေါင်စာရင်း ကွမ်းလုံ၌ ကောက်ယူ

ကွမ်းလုံ မတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ (စီမံညွှန်ကြားရေးမှူး) ဦးသိန်းဝင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒုတိယပြည်နယ် မြေစာရင်းဦးစီးမှူး ဦးတင်ဦး လိုက်ပါလျက် မတ် ၈ ရက်က ကွမ်းလုံခရိုင်နှင့် ကွမ်းလုံမြို့နယ် မြေစာရင်း ဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ၂၀၁၀ ခုနှစ် နောက်ဆက်တွဲ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ကောက်ယူထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ် စာပေ လူ့မိတ်ဆွေ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အသစ်တင်သွင်းသော အဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက ''ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် (သို့မဟုတ်) အဆင့်သုံးဆင့် စဉ်းစား ခွဲခြား ထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်'' အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့

ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်က ''တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သောဈေး ရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့်ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်'' အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာသည်။ **(သတင်းစဉ်)**

မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာက မြောက်ဦးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဆက်လက်မမေးမြန်းလိုတော့ပါကြောင်း လွှတ်တော်သို့တင်ပြ

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မြောက်ဦးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် (သို့မဟုတ်) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် ပညာရေးဝန်ကြီးဌာနမှ အစီအစဉ် ရှိ မရှိ မေးခွန်းအား မေးမြန်းရန်ဖြစ်သော်လည်း ကာယကံရှင်ကိုယ်တိုင်က ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၈/၂၀၁၀) ၏ သဘောတူညီချက်အရ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အောင်တပ်ရပ်ကွက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ အမှတ်(၁) အခြေခံပညာဦးစီးဌာန၏ ၁၈-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်-ဌာနခွဲ(၁-ခ)/၃၁၂/ ကျောင်းတိုး (၂၀၁၁)ဖြင့် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသဖြင့် မိမိ၏မေးခွန်းကို ဆက်လက် မမေးမြန်းလိုတော့ပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်တင်ပြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ အဆိုများကို အမျိုးသားလွှတ်တော်သို့ မတင်သွင်းလိုတော့ကြောင်း တင်ပြ

နေပြည်တော် မတ် ၁၅

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်သို့ တင်သွင်းရန် တင်ပြထားသည့် အဆိုများကို ကာယကံရှင်များက တင်သွင်းလိုခြင်းမရှိတော့ကြောင်း တင်ပြကြသည်။

တင်ပြ

ရှေးဦးစွာ ''တိုင်းပြည်တာဝန်ထမ်းဆောင်နေကြသောတပ်မတော်နှင့် ဌာနဆိုင်ရာအမှုထမ်း၊ အရာထမ်းများနှင့် ၎င်းတို့၏ မိသားစုအားလုံးအတွက် လုံလောက်သော အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေဖြည့်ဆည်းပေးရန်'' အဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရန်တင်ပြထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက ယင်းအဆိုကို မတင်သွင်းလိုတော့ပါကြောင်း တင်ပြသည်။

ဆက်လက်၍ '' နိုင်ငံတော်အား ပုတ်ခတ်ဆန့်ကျင်သော အရေးအသားမှအပ အခြားပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို လူမျိုးနွယ်စု (Tribe) များ၏ ဘာသာစကားဖြင့် စာအုပ်၊ စာစောင်၊ သတင်းစာများအား လွတ်လပ်စွာ ရေးသားထုတ်ဝေနိုင်ရေးအတွက် ခွင့်ပြုပေးပါရန်'' အဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရန် တင်ပြထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က မိမိ၏ ယခုအဆိုမှာ ၁၁-၃-၂၀၁၁ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက တင်သွင်းခဲ့သည့် မေးခွန်းအပေါ် ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ ပြန်လည်ရှင်းလင်းဖြေကြားချက်နှင့် တစ်သဘောတည်းဖြစ်နေပါသဖြင့် ထပ်မံမဆွေးနွေးလိုတော့ပါကြောင်း၊ သို့ပါ၍ မိမိ၏အဆိုအား ဆက်လက်မတင်သွင်းလိုတော့ပါကြောင်း တင်ပြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီလုပ်ငန်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၅

ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီလုပ်ငန်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမောင်သာခင်၏ ''ရခိုင်ပြည်နယ်နှင့်ပြည်မ ဆက်သွယ်သော မော်တော်ကားလမ်းများ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိ မရှိ'' နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ ''ချင်းပြည်နယ်၏ ထွက်ကုန်များကို အဘက်ဘက်သို့ ရောင်းဝယ်ဖောက်ကားနိုင်ရန် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးများ ဖောက်လုပ်ပေးနိုင်မှု ရှိ မရှိ'' နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ''ချင်းပြည်နယ်မြို့များအားလုံး ဆက်သွယ်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက်ပေးနိုင်မှု ရှိ မရှိ'' နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ '' ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု သတ်မှတ်ရာတွင် ချင်းပြည်နယ်ပါဝင်ခြင်း ရှိ မရှိ'' နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ ''လက်ရှိလစာနှုန်းထားမမီသော တပ်မတော်မှအငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန်'' အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုးဝင်းမောင်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်သည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ ''တိုင်းပြည်တာဝန်ထမ်းဆောင်နေကြသော တပ်မတော်နှင့် ဌာနဆိုင်ရာအမှုထမ်း၊ အရာထမ်းများနှင့် ၎င်းတို့၏ မိသားစုအားလုံးအတွက် လုံလောက်သော အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေဖြည့်ဆည်းပေးရန်'' အဆိုနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ ''နိုင်ငံတော်အား ပုတ်ခတ်ဆန့်ကျင်သော အရေးအသားမှအပ အခြားပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို လူမျိုးနွယ်စု (Tribe) များ၏ ဘာသာစကားဖြင့် စာအုပ်၊ စာစောင်၊ သတင်းစာများအား လွတ်လပ်စွာရေးသားထုတ်ဝေနိုင်ရေးအတွက် ခွင့်ပြုပေးပါရန်'' အဆိုများကို လွှတ်တော်သို့တင်ပြရန် ဖြစ်သော်လည်း သက်ဆိုင်ရာ အဆိုရှင်များက အမျိုးသားလွှတ်တော်သို့ဆက်လက်မတင်သွင်းလိုတော့ပါကြောင်း ပြင်ဆင်တင်ပြကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို မတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့် ကျောက်မျက်ရတနာလုပ်ငန်း အသင်းဝင်များနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၁၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အသင်းဝင် အသင်းသားများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုလည်း အောင်မြင်စွာ ကျင်းပလျက်ရှိကြောင်း၊ နောင်ဆက်လက်ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး၊ ပြည်တွင်းကျောက်မျက်ရတနာဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ကျောက်မျက်ရတနာများ ဈေးကွက်ရရှိရေးတို့အတွက်လည်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အသင်းဝင် အသင်းသားများက စုပေါင်း၍ တက်ညီလက်ညီဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့်မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတေဇက အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းသားများက ကျောက်မျက်ရတနာလုပ်ငန်းနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၇/၂၀၁၁)ကို ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၇/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်း ပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅ နှင့် နည်းဥပဒေများ အပိုဒ် ၇၇တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်း ပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၃ (က) အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည်-

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်	ရွေးကောက်ပွဲ ကိုယ်စားလှယ်အမည်	မဲဆန္ဒနယ်
(က)	ဦးစောနွဲ့ရွှေမောင်	မရှိ	ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ကချင်ပြည်နယ်
(ခ)	ဦးကျော်ဦး	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉) ကချင်ပြည်နယ်
(ဂ)	ဦးလှငွေ	မရှိ	မိုးကောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကချင်ပြည်နယ်
(ဃ)	ဦးအောင်နီ	ဦးဝင်းနိုင်	ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကချင်ပြည်နယ်
(င)	ဦးထွန်းထွန်းဦး	မရှိ	ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကချင်ပြည်နယ်
(စ)	ဦးပီအက်စ်ခမ်ဒို့နန်	မရှိ	တီးတိန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ချင်းပြည်နယ်
(ဆ)	ဦးလိန်းကီး	မရှိ	ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ချင်းပြည်နယ်
(ဇ)	ဦးဖျက်ခမ်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄) ချင်းပြည်နယ်
(ဈ)	ဦးလန်းဇမန်	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆) ချင်းပြည်နယ်
(ည)	ဦးလွန်ခိုဟန်	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇) ချင်းပြည်နယ်
(ဋ)	ဦးထန်းကီး	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၈) ချင်းပြည်နယ်
(ဌ)	ဦးလိန်းပိုင်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀) ချင်းပြည်နယ်
(ဍ)	ဦးကျော်ကျော်ဖြူ	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) ချင်းပြည်နယ်
(ဎ)	ဦးဟုန်းထန်း	မရှိ	ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်
(ဏ)	ဦးလှမာ	မရှိ	ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်
(တ)	ဦးလျန်ချွမ်း	မရှိ	ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်
(ထ)	ဦးကမ်လျန်ထန်	မရှိ	တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်
(ဒ)	ဦးထွမ်းဂိုးထန်	မရှိ	တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်
(ဓ)	ဦးဒိုင်းလျန်းပေါင်	မရှိ	တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်
(န)	ဦးတွာလ်ဒိုပေါင်	မရှိ	တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ချင်းပြည်နယ်

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုစိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အောင်တော်မူ** (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၈။ **သူငယ်ချင်းမရှိတဲ့ဥပဒေ**
၈:၂၀ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရ တေးများ
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သချာၤ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၇။ သီချင်းကြီးပဒေသာ
၅:၀၀ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၂၀ ၁၀။ International Science News
၅:၃၀ ၁၁။ ဆိုကြပျော်ရွှင် တေးသံစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၃၅ ၁၅။ ရွှေရင်ခုန်သံ
၇:၀၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၄၀ ၁၇။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ပျော်ရွှင်ရင်ခုန် ပြကွက်စုံ** (အပိုင်း-၁၇)
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၄)
၂၃။ တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **နွေးထွေးစွာကြိုဆိုခြင်း** သျှားညို၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ မြသဇ္ဈာလီ၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-သက်တင်)
၂၄။ အစီအစဉ်ပြီး၏။

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၅

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၆ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ ကမ်းနားလမ်း တိုးချဲ့ဖောက်လုပ်နေမှု ဝန်ကြီးဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် မတ် ၁၂ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ပန်းဆိုးတန်း၊ ဗိုလ်တထောင်ဆိပ်ကမ်းများနှင့်ကမ်းနားလမ်း တိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အေးရှားဝေါလ်ဆိပ်ကမ်း၌ ဆိပ်ခံတံတားတိုးချဲ့ဆောက်လုပ်နေမှု၊ ပြီးစီးမှုအခြေအနေနှင့် ကုန်သေတ္တာများ တင်/ချဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဝါးတန်းဆိပ်ခံတံတားနှင့် ကိုင်းတန်းတံတားတို့၌ ကမ်းရိုးတန်းသွား စက်လှေများ ဝင်ရောက်ဆိုက်ကပ်နေမှုနှင့် ကုန်တင်/ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြစ်ဝကျွန်းပေါ်မှ ဝင်ရောက်လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များ ဝင်ရောက်လာမှုနှင့် ကုန်တင်/ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဆူးလေ အမှတ်(၅)ဆိပ်ကမ်း၌ နိုင်ငံခြားသင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်/ချဆောင်ရွက်နေမှုနှင့် ရေလမ်းကြောင်းအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဆူးလေ အမှတ်(၅) ဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများ၏ ပဉ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကို မတ်၂၉ ရက် ညနေ ၄ နာရီတွင် ဟိုတယ်ရန်ကုန်၌ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ပြီး ဆရာ ဆရာမများအား ကန်တော့ရန်နှင့် ကျောင်းဆင်းမောင်နှမများ တွေ့ဆုံနိုင်ရန်အတွက် အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးအောင်ကျော်မြ ဖုန်း-၀၁-၅၆၃၆၆၇၊ ဦးဆေးဘို ဖုန်း-၀၉-၅၂၁၂၆၁၂၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၀၁-၅၇၈၆၇၂၊ ဦးစိုင်းကျော်လှိုင် ဖုန်း-၀၁-၅၃၇၉၀၃၊ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀၃၃၀၈၃၊ ဦးခင်ထွန်း ဖုန်း-၀၁-၇၃၁၃၈၀၂၃၊ ဦးသန်းနိုင် ဖုန်း-၀၁-၅၅၄၆၅၉တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လက်မှတ်ပေးအပ်

သောင်တုန်းမြို့နယ် ကြောင်သျှာကုန်းကျေးရွာ မူလတန်းလွန်ကျောင်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်သက်ထွန်းက မူကြိုရင်သွေးငယ်များအား မူကြိုသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၀၈၂)

အားကစားရန်ပုံငွေ လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၅

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်သို့ အားကစားရန်ပုံငွေ ပေးအပ်လှူဒါန်းပွဲကို ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ရုံး ရန်ကုန်မြို့ အစည်းအဝေးခန်းမ၌ မတ် ၁၀ရက် (ကြာသပတေးနေ့)ည၇နာရီက ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့ထံသို့ အနုပညာပွဲတော်ကျင်းပ၍ ရရှိခဲ့သော အလှူငွေကျပ်သိန်း ၁၆၀ ကို ရန်ပုံငွေရှာဖွေရေးကော်မတီဝင် ဦးသန်းဇော် (ရွှေနဂါးမင်းကုမ္ပဏီ)က ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

ပြောကြား

ထို့နောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာသိုင်းအဖွဲ့အနေဖြင့် မတ် ၁၈ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ အပြည်ပြည်ဆိုင်ရာ ကိုယ်ခံပညာပြပွဲသို့ သွားရောက်၍ စွမ်းရည်ပြမည့်ကာလနှင့်တိုက်ဆိုင်ပြီး လှူဒါန်းမှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင်၊ အလုပ်အမှုဆောင် ဦးငွေဝင်း (ငွေးမြန်မာ)၊ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်)နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(ရိုးရာအားကစားအဖွဲ့ချုပ်)

ဂန့်ဂေါတွင် ငါးသိန်းတန်တယ်လီဖုန်း သုံးစွဲနေပြီ

ဂန့်ဂေါ မတ် ၁၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက CDMA 450 MHz ကျပ်ငါးသိန်းတန် မိုဘိုင်းလ်ဖုန်းများ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ၄၁းရမ်း အသုံးပြုခွင့်ကို ဇန်နဝါရီလမှစ၍ ခွင့်ပြုချထားပေးလျက်ရှိရာ ဂန့်ဂေါမြို့၌ ၅၀၀၊ ကန်ကျေးရွာဒေသ၌ ၅၀၀၊ ပုံတောင်ပုံညာဒေသ ကျောကျေးရွာ၌ ၃၀၀ချထားမည်ဖြစ်ပြီး မတ် ၉ရက်အထိ ၄၁းရမ်း သုံးစွဲမှု ၇၉၇ လုံး ရှိပြီဟု သိရသည်။

ဂန့်ဂေါမြို့တွင် အော်တိုဒစ်ဂျစ်တယ်တယ်လီဖုန်း (ကြိုးဖုန်း) ၇၂၀ ရှိ၍ အိတ်ချိန်းဖြင့် ခေါ်ယူဆက်သွယ်ရသည့်လက်လှည့်ဖုန်းများမှာ ကျေးရွာ ကိုးရွာတွင် အလုံးရေ ၈၀၀ကျော် သုံးစွဲလျက်ရှိကြောင်း သိရှိရသည်။ **(၁၀၁)**

Panasonic လေအေးပေးစက်များ မိတ်ဆက်

ရန်ကုန် မတ် ၁၅

Panasonic ၏ ၂၀၁၁ခုနှစ် မော်ဒယ်လ်သစ် လေအေးပေးစက်များ မိတ်ဆက်ပွဲအခမ်းအနားကို မတ် ၈ရက် ညပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ Panasonic Singapore မှ General Manager, Mr. Nicholas Chua က မိတ်ဆက်စကားပြောကြားပြီး Panasonic Customer Relation Office (Myanmar) မှ မသဉ္ဇာက ၂၀၁၁ခုနှစ် Panasonic လေအေးပေးစက်သစ်တွင် စွမ်းအင်လေလွင့်ဆုံးရှုံးမှုကို အကောင်းဆုံးလျှော့ချပေးနိုင်သည့် ECONAVI Concept အသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လျှော့ချပေးနိုင်

ECONAVI Concept သည် Human အာရုံခံကိရိယာနှင့် ထိန်းချုပ်မှုနည်းပညာနှစ်ခုပေါင်းစပ်ပြီး အခန်းအတွင်း လူရှိ မရှိ၊ လူနေရာအပြောင်းအရွှေ့၊ လူ၏လှုပ်ရှားမှု အနည်း/အများတို့ကို အမြဲစောင့်ကြည့်စစ်ဆေးကာ လေအေးပေးစက်မှ အခန်းတွင်းလိုအပ်သည့်အအေးနှုန်း၊ လေစီးဆင်းမှုလမ်းကြောင်းစသည်တို့ကို အလိုအလျောက်ဆောင်ရွက်ပေးနိုင်သဖြင့် စွမ်းအင်သုံးစွဲမှုကို အကောင်းဆုံး လျှော့ချပေးနိုင်ကြောင်း သိရသည်။

ရှင်းလင်းပြောကြား

ဝယ်ယူသုံးစွဲသူများအတွက် ၂၀၁၁ နွေရာသီ အရောင်းမြှင့်တင်ပွဲကို မတ် ၉ရက်မှ ဇွန် ၉ရက်အတွင်း ငွေသားဆုများ၊ ငွေကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်း၊ သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်းတန်ဖိုးရှိ ဆုမဲများကို Warranty Card များတွင် ထည့်သွင်းပြီး ကျေးဇူးတုံ့ပြန်သည့် အရောင်းမြှင့်တင်ပွဲအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

၂၀၁၁ခုနှစ် Panasonic လေအေးပေးစက်အသစ်ကို Panasonic ၏ တရားဝင် Warranty ကတ်ဖြင့် တစ်နှစ် (ပစ္စည်း+လက်ခ)အခမဲ့ဖြင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များနှင့် ပြည့်စုံဝင်းနိုင် အရောင်းပြခန်း အမှတ် ၂၃/၂၅ ၁၀၈လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၃၄၈၄၊ ၂၀၃၄၈၅ နှင့် ၂၉၂၅၆၅၊ နေပြည်တော် အမှတ် ပ(၃၇/၃၈/၃၉)၊ သပြေကုန်းဈေး ဖုန်း-၀၉-၄၉၂၀၉၅၄၃ နှင့် ၀၉-၄၉၂၀၉၅၄၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နွေရာသီ ဘောလုံးသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၅

Workgroup Training Center က ကြီးမှူးပြီး မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အသိအမှတ်ပြု လိုင်စင်ရနည်းပြများ၊ နေရှင်နယ်လ်လိဂ်ရှိ အသင်းကြီးအချို့မှ နည်းပြအဖွဲ့ဝင်များပူးပေါင်းပြီး မတ် ၂၆ရက်မှ စတင်ပြီး နွေရာသီ ဘောလုံးပညာ သင်တန်းအဖြစ် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် နယ်မြေဒေသအလိုက် သတ်မှတ်ထားသော သက်ဆိုင်ရာ ဘောလုံးကွင်းများတွင် အသက် (၈-၁၈)နှစ်အကြားရှိ လူငယ်လေးများကို သက်တန်းအလိုက် ဘောလုံးပညာများ သင်ကြားပေးမည်ဖြစ်သည်။

လေ့ကျင့်ပေး

သင်တန်းချိန်များအဖြစ် နံနက် ၇ နာရီခွဲမှ ၉နာရီအထိ တစ်ကြိမ်၊ ညနေပိုင်း ၄နာရီခွဲမှ ၆နာရီအထိ တစ်ကြိမ် အသက်ရှစ်နှစ်မှ၁၂နှစ်ကြားရှိ လူငယ်လေးများက တစ်ဖွဲ့၊ ၁၃နှစ်မှ၁၈နှစ်ကြားရှိ လူငယ်လေးများက တစ်ဖွဲ့ နှစ်ဖွဲ့ခွဲပြီး အခြေခံဘောလုံးပညာများ၊ နည်းစနစ်ပိုင်းဆိုင်ရာများနှင့် သင့်တင့်လျောက်ပတ်သော ကြံ့ခိုင်မှုပိုင်းဆိုင်ရာများကို သင်ကြားပေးသွားမည်ဖြစ်သကဲ့သို့ သင်တန်းပြီးဆုံးပါကလည်း ပါရမီရှိသော ဘောလုံးသမားလေးများ၊ ခြေစွမ်း ခြေစရှိသော ဘောလုံးသမားလေးများအား ပြန်လည်ရွေးချယ်ပြီး လူငယ်လက်ရွေးစင်အဖြစ် ပြန်လည်ဖွဲ့စည်းပြီး ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

နွေရာသီ လူငယ်ဘောလုံးသင်တန်းကျောင်းသို့ တက်ရောက်လိုသော သင်တန်းသားများအနေဖြင့် ဝတ်စုံနှင့်အထွေထွေကုန်ကျစရိတ်များအတွက် သင်တန်းကြေး တစ်လလျှင် ငွေကျပ်၂၈၀၀၀ နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ပြီး နယ်မှလာရောက်သင်ကြားလိုသော လူငယ်လေးများအတွက် နေစရာအဆောင်ပါ စီစဉ်ပေးထားကြောင်း၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက Workgroup Training Center, Rm- 403, Excel Treasure Tower Apartment, ရွှေဂုံတိုင် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၃၇၇၊ လိုင်းခွဲ ၆၂၂၅၊ ၆၄၀၃၊ ၆၄၁၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဂဝံခင်းခြင်းဆောင်ရွက်

ဖေဖော်ဝါရီ ၃ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင် ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကမ်းနားလမ်းအပိုင်း(၂) ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေး၌ ရုံးလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ
မြို့တော်ဝန် တက်ရောက်အမှာစကားပြောကြား

မန္တလေး မတ် ၁၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် မတ်၁ရက် မွန်းလွဲ ၂နာရီက မြို့တော်ခန်းမ၌ကျင်းပသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်း အဆင့်မြင့် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းတွင် ပထမဆုရ ဒေါ်မြမြမူ (ဌာနခွဲစာရေး)ကော်မတီရုံးအားလည်းကောင်း၊ ဒုတိယဆုရ ဒေါ်နန်းနောင့်နောင့် (အငယ်တန်းအင်ဂျင်နီယာ-၃) အဆောက်အအုံနှင့် ကုန်ရုံဌာနအားလည်းကောင်း၊ တတိယဆုရ ဒေါ်တိုးတိုးယဉ်(စာရင်းကိုင်-၃) ဘဏ္ဍာရေးဌာနအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် အတွင်းရေးမှူး ဦးစန်းမောင်က ပြင်ပနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ကော်မတီဝင် ဦးမြင့်သိန်းက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆောင်ရွက်

သင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များအပြင် ပြင်ပဘာသာရပ်များအဖြစ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး၊ မီးသတ်၊ အစားအစာ၊ ဆေးဝါးနှင့်ကျန်းမာရေး၊ နိုင်ငံတကာဆက်ဆံရေးပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းပြုစု တင်သွင်းဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(၀၄၀)**

ရူပဗေဒ
ကျောင်းသားဟောင်းများ
အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၅

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒ ၁၉၇၂-၇၇ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ (ASIA PLAZA HOTEL) တွင် ကျင်းပမည်ဖြစ်ရာ ဦးဝင်းမြင့် ဖုန်း-၅၂၆၇၁၇၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၅၀၈၆၉၇၇၊ ဦးသန်းလင်း ဖုန်း-၅၄၉၀၉၀၊ ဦးချစ်စိန် ဖုန်း-၀၉-၅၁၆၈၃၅၆၊ ဒေါ်ခင်ထားရီ ဖုန်း-၃၈၄၁၂၃နှင့် ဒေါက်တာခင်မာကြူ ဖုန်း-၅၈၅၀၂၅၊ ဖုန်း-၀၉-၅၀၁၈၄၈၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

မိုးညှင်းမြို့နယ် နန်းမားတိုက်နယ်ဆေးရုံသို့ မန္တလေးမြို့နေ အလှူရှင် သုမင်္ဂလာဇောတရေ ဦးအောင်နိုင်ဆွေနှင့် ဇနီးသီရိသုမင်္ဂလာ ဒေါ်မြင့်မြင့်နွယ် သီရိရွှေစင်ရွှေဆိုင် (မန်းမြို့ဈေး)မိသားစုက ဖေဖော်ဝါရီ ၂၆ရက်က ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း၅၀ ပေးအပ်လှူဒါန်းရာ ခရိုင်ဆေးရုံအုပ် ဒေါက်တာသင်းသင်းလှိုင်နှင့် နန်းမားတိုက်နယ်ဆရာဝန် ဒေါက်တာဝေဝေဦးတို့ လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာပါရမီစာကြည့်တိုက်
ကျိုင်းတုံ၌ ဖွင့်လှစ်

ကျိုင်းတုံ မတ် ၁၄

ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ကတ်တောင်ကျေးရွာ ပညာပါရမီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၅ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းနှင့် ကတ်တောင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းနန်မွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းက စာအုပ်စာစောင် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအားဗျေ့(ခ)ဦးအေးမောင်က ၂၁လက်မရုပ်မြင်သံကြားပြစက်တစ်လုံး ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီအဖွဲ့ဝင်များက လက်ခံယူကြသည်။ အဆိုပါ ပညာပါရမီစာကြည့်တိုက်ကို ဦးစိုင်းနော်အောင်မိသားစု (အောင်ချမ်းသာကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀ ဖြင့် လှူဒါန်းဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဓနုဖြူ၌ လယ်ယာသန်းခေါင်စာရင်း ကောက်ယူ

ဓနုဖြူ မတ် ၁၄

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံကိန်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ နည်းပညာပေးရေးအစီအစဉ် အမျိုးသားအကြံပေးပညာရှင် ဦးဝင်းထွန်းနီနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူး ဦးစောလှိုင်သည် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးအုန်းမြင့်၊ လယ်ယာသန်းခေါင်စာရင်းစီမံကိန်း ဗဟိုရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရီဝင်း၊ မအူပင်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်မြင့်တို့ပါဝင်သော အဖွဲ့ဝင်များနှင့်အတူ ဓနုဖြူမြို့နယ် မြေစာရင်းဦးစီးဌာနရှိ မြေစာရင်းဝန်ထမ်းများ စာရင်းကောက်ယူမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** စာရင်းကောက်များနှင့် ကြီးကြပ်သူများအား တွေ့ဆုံ၍ နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက မြေကြီး၊ မြေပုံနှင့် မြေစာရင်းလုပ်ငန်းမှန်ကန်ရေးအတွက် ဓနုဖြူမြို့နယ်အတွင်း ကွင်းပေါင်းငါးကွင်း မြေတိုင်းတာခြင်းလုပ်ငန်းများ အချိန်မီတိုင်းတာပြီးစီးရေး မှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆)ရပ်ကွက် စိုက်ပျိုးရေးလမ်း တံတားအမှတ်(၃) သံကူကွန်ကရစ်တံတား ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၇ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးမြင့်နှင့် ရပ်မိရပ်ဖဦးသားကြီးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၂၇ရက်က တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း ရေရရှိရေး စီစဉ်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် တာမိုးညဲ-နမ့်ဖရုံ-ဟိုဖျက် ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ တာမိုးညဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမျိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စလင်းမြို့နယ် မြို့မဈေးအတွင်း လေးလက်မစက်ရေတွင်းနှင့် ဒိုင်းရှင်းစက်တပ်ဆင်ထားမှုကို မတ် ၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရေစက်ရုံ(၁)မှ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေမှု၊ အင်ဂျင်များနှင့် ပန့်များကြံ့ခိုင်မှုကို ဖေဖော်ဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

16-3 (16).pmd 1 3/16/2011, 3:05 AM

ရောဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော ဖားတစ်ရှဉ်းတံတား၏ ၁-၄-၂၀၁၁ မှ ၃၁-၃-၂၀၁၄ နှစ်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) လေလံတင်ဆောင်ရွက်မည့်တံတား
ဖားတစ်ရှဉ်းတံတား
(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
မန်နေဂျာ(သွားလာရေး/တိုင်းဒေသကြီး)
တိုင်းဒေသကြီး အမှတ်(၉) ဟသ်ာတ၊ မြန်မာ့မီးရထား၊ ဟသ်ာတမြို့
(ဂ) ချိပ်ပိတ်တင်ဒါလေလံတင်သွင်းရမည့်ရက်နှင့်အချိန်
၂၄-၃-၂၀၁၁ ရက် (ကြာသပတေးနေ့)၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ
(ဃ) ချိပ်ပိတ်တင်ဒါပေးသွင်းရမည့်နေရာ
ရောရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ရောဝတီတိုင်းဒေသကြီး
(င) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်
၂၄-၃-၂၀၁၁ ရက်(ကြာသပတေးနေ့)၊ နံနက် ၁၀း၃၀ နာရီ
(စ) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ
ရောရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ရောဝတီတိုင်းဒေသကြီး

မှတ်ချက်။ ။ချိပ်ပိတ်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ၁၇-၃-၂၀၁၁ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်းဒေသကြီး)၊ တိုင်းဒေသကြီးအမှတ်(၉) ဟသ်ာတ၊ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားအသုံးပြုခွင့်လိုင်စင်လေလံတင်ကြီးကြပ်ရေးအဖွဲ့
ရောဝတီတိုင်းဒေသကြီး။

မြန်မာနိုင်ငံဆရာဝန်အသင်း
Endocrinology and Metabolism
အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဟောပြောပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်း Endocrinology and Metabolism ၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၁ခုနှစ် မတ် ၂၆၊ ၂၇ရက်များတွင် Sedona Hotel တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နိုင်ငံတကာမှဆရာဝန်ကြီးများနှင့် ပြည်တွင်းမှ ဆရာဝန်ကြီးများပူးပေါင်း၍ ဟောပြောပွဲရှစ်ခုပို့ချမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားပြီး တက်ရောက်လိုသူဆရာဝန်များ ဒေါက်တာယုယုလွင် ဖုန်း-၀၉-၅၁၃၇၅၇၀ မြန်မာနိုင်ငံဆရာဝန်အသင်းရုံးခန်း(တီဘီ)တွင် ၂၃-၃-၂၀၁၁ရက်မှ ၂၅-၃-၂၀၁၁ရက်အထိ နံနက်၁၀နာရီမှ ညနေ၃နာရီအတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

GARAGE SALE

(၂၅)ကြိမ်မြောက် ပစ္စည်းစုံ အထူးဈေးနှုန်း
ဝယ်ယူအားပေးသူများအား အထူးကျေးဇူးတင်ရှိပါသည်။
၁၉-၃-၂၀၁၁ရက်မှ ၂၁-၃-၂၀၁၁ရက်အထိ သုံးရက်သာ
နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
အမှတ်၂၁၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ (၈)ရပ်ကွက်၊
တောင်ဥက္ကလာပ၊
ဖုန်း-၅၆၁၃၇၅၊ ၀၉-၈၆၂၁၅၇၇။

Fitness Centre

(အမျိုးသမီးသီးသန့်) အကသင်တန်းရှိသည်။
တိုက်(A)၊ အခန်း ၁၀၄၊ မြင်သာ ၁၁ လမ်းနှင့်
သံသုမာလမ်းထောင့်၊ စီမံကိန်းမှတ်တိုင်၊ တောင်ဥက္ကလာပ၊
ဖုန်း-၀၉-၄၉၂၁၈၂၄၂၊ ၀၉-၈၆၂၁၅၇၇။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပဲခူးခရိုင်နယ်တရားမရုံးတော်၌ ၂၀၁၁ ခုနှစ် ဇာရီမှုအမှတ်-၁၀

မန်နေဂျာ **နှင့်** ၁။ ဒေါ်ချိုနှင်းအေး
မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့။ ၂။ ဦးရဲအောင်
ဒီကရီရသူ **တရားရှုံးများ**

ပဲခူးခရိုင်နယ်တရားမရုံးတော်က ၂၀၀၈ခုနှစ် တရားမမှုအမှတ်-၉၉တွင် စရိတ်များအပါအဝင်ငွေ ၁၀၉၂၃၆၆၁ကျပ် ၁၈ ပြားအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၁ ခုနှစ် ဧပြီ ၂၅ ရက် (၁၃၇၃ ခုနှစ် တန်ခူးလပြည့်ကျော်၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရာမှာ လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့်ကြွေးမြီ ကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတိအလင်း မရရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်၊ မြေတိုင်းအမှတ် (၆၄၆-ခ)အီး၊ ဘောလုံးကွင်း ဦးပိုင်အမှတ် (ခ/၅၈)၊ ဧရိယာ ဝဒသမ ဝ၆ဧကရှိမြေနှင့် နှစ်ထပ်တိုက်။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။

ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေ အတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူက ဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့် အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည်ပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့် အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့် အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှအချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်သော်လည်းကောင်း ဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရန် ကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာ အသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့် အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကို ဖြစ်စေ နောက်တစ်ဖန် ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၁ခုနှစ် မတ် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ပိုက်ပိုက်အေး (ခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး)။**

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တွင် ရွှေသက်န်းကပ်လှူနေပါသည်

၁။ ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)တွင် အောက်ဖော်ပြပါအတိုင်း ရွှေစစ်သင်္ကန်း၊ ရွှေဆေးသင်္ကန်းများ ကပ်လှူပူဇော်နေပါသဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ကြပါသည်-

(က)	၆လက်မ×၆လက်မ ပတ်လည်ရွှေစစ်ချခြင်း		၅၆၂၅ ကျပ်
(ခ)	၁ပေ×၁ပေ	။ ။	၂၂၅၀၀ ကျပ်
(ဂ)	၁၀ပေ×၁၀ပေ	။ ။	၂၂၅၀၀၀၀ ကျပ်
(ဃ)	ရွှေတိဂုံပုံတူစေတီတော်လုံးတော်ပြည့် ရွှေစစ်ချခြင်း		၂၀၀၀၀၀၀၀ ကျပ်
(င)	အာနန္ဒာပုံတူစေတီတော် လုံးတော်ပြည့် ရွှေစစ်ချခြင်း(တစ်ဖက်)		၄၂၅၀၀၀၀၀ ကျပ်
(စ)	၁၀ပေ×၁၀ပေ ပတ်လည်ရွှေဆေးသုတ်ခြင်း		၃၉၀၀၀ ကျပ်

၂။ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အလှူခံဌာနတွင်လည်းကောင်း၊ စွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၁-၆၅၀၄၈၄၊ ၀၁-၆၆၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

မတ်လတွင်ကျရောက်သည့် တစ်ဦးတည်းသောချစ်သမီးလေး **အေးလဲ့ရည်မွန်(ခ) ရှမဝ (Bright School Junior)**၏ (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လိုအင်ဆန္ဒမှန်သမျှပြည့်ဝပြီး ထူးချွန်လိမ္မာသော သမီးကောင်းရတနာလေးအဖြစ် ဖေဖေ မေမေတို့၏မေတ္တာရိပ်မှာ ထာဝရ ကြည်နူးပျော်ရွှင်ပါစေ။

ဖေဖေ - **ဦးဇော်မွန်ဝင်း**
(Max-Deco Home Decoration Group)
မေမေ - **ဒေါ်ခင်မျိုးတင့်။**

ကြိုးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်း

ဒီမော့ဆို မတ် ၁၄

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ခန့်ခိုင်ဆောက်လုပ်ရေးတာဝန်ခံ ဦးဇော်မင်းလတ်က ဖေဖော်ဝါရီ ၂၃ရက်က ကွန်ပျူတာတစ်စုံ တန်ဖိုးရှိ ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က လက်ခံယူသည်။ (၁၂၆)

ပညာကမ္ဘာစာကြည့်တိုက် ရွှေကူမြို့နယ်၌ဖွင့်

ရွှေကူ မတ် ၁၄

ကချင်ပြည်နယ် ရွှေကူမြို့နယ် မဏိဩဂကျေးရွာ ပညာကမ္ဘာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ရန်ပုံငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက်နံနက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အဆိုပါ အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌဦးညီညီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့် ကျေးရွာဥက္ကဋ္ဌဦးလှုလှုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီက သုတစာအုပ် ၂၂ အုပ်နှင့် အလှူရှင်များ ကိုယ်စား ငွေကျပ် ၁၈၀၀၀၀၊ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ရေဒီယိုတစ်လုံး၊ တိုင်ကပ်နာရီ တစ်လုံး၊ သုတရသစာအုပ် ၆၀နှင့် ဂျာနယ်မျိုးစုံအစောင် ၁၀၀၊ ကျေးရွာဥက္ကဋ္ဌဦးလှုလှုက ငွေကျပ်တစ်သောင်း၊ ကျေးရွာနေ စေတနာရှင် ပြည်သူများက သုတရသစာအုပ် ၁၃၁ အုပ်နှင့် ဂျာနယ်မျိုးစုံအစောင်၅၀၊ ဦးစံလင်း-ဒေါ်ကြည်ထွေး မိသားစုက သုတရသစာအုပ် ၁၁၆ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဒေါ်သိန်းသိန်းညွန့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန် မတ် ၁၅

၂၀၁၀ ပြည့်နှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ နှစ်ပတ်လည်ဆုရရှိသူများနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

မြဝတီရောင်စုံဓာတ်ပုံ

၂၀၁၀ ပြည့်နှစ်အတွက် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဦးတင်မြင့်(စစ်ငြိမ်းပန်း)က ပထမ၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)က ဒုတိယ၊ စိုင်းခမ်းလင်း (Hawk Eyes) က တတိယနှင့် အထူးဆုများအဖြစ် ယမင်းဝင်းလှိုင်နှင့်ဂျေမောင်မောင်(အမရပူရ) တို့က အသီးသီးရရှိကြသည်။

မြဝတီရောင်စုံဓာတ်ပုံနှင့် နှစ်ပတ်လည်စာမူဆုရရှိသူများ ကြေညာ

မြဝတီမဂ္ဂဇင်း

၂၀၁၀ ပြည့်နှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းမြေဇာက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်ဟေမာ၏ အပူနှင့်အအေးက လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ဘိုးဘွားတွေက ကိုယ်ပိုင်မြေကိုနေဖို့ ထားခဲ့တယ်ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ဆင်ဖြူကျွန်းအောင်သိန်း၏ မြို့ထဲက ကြက်ပျောက်သွားခြင်းက လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို သောင်းဝေဦး၏ အချစ်နှင့်စစ်သားကလည်းကောင်း အသီးသီး ရရှိကြသည်။

ငွေတာရီမဂ္ဂဇင်း

၂၀၁၀ ပြည့်နှစ်အတွက် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းသစ်ထွဋ်းက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကို(တက္ကသိုလ်)၏ တို့ရင်ထဲက ငွေတာရီကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို မကြန်၏ မြန်မာတို့၏ စွဲလမ်းယုံကြည်ချက်များက လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို လယ်တွင်းသား စောချစ်၏ ခုတော့သိပါပြီက လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို နိုင်ဇော်၏ ရှင်းသန့်မွေးပျံ့သော ကလည်းကောင်း ရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြဝတီစာပေတိုက် ဖုန်း-၅၅၉၂၇၃ နှင့် မြို့တွင်း(ရုံးခွဲ) ဖုန်း-၃၇၁၂၄၄ တို့ထံသို့ ကြိုတင်ဆက်သွယ် သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့် ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ အချို့အဆိုများကို ဆက်လက်မတင်သွင်းလိုတော့ကြောင်း သက်ဆိုင်ရာကိုယ်စားလှယ်များက ပြင်ဆင်တင်ပြခြင်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၅

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃) ဦး ရှိသည့်အနက် (၂၂၂) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရခိုင်ပြည်နယ် *စာမျက်နှာ ၁၁ ကော်လံ ၁* ❐

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)